ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၃၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ၂၄-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ပြည်ပခရီးစဉ်။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)၊ ပြည်ပခရီးစဉ်။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ရေဘေးကယ်ဆယ်ရေးတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၄)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင် နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီနှင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာ ကော်မတီများတွင် အဖွဲ့ဝင်နေရာ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့် အရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကျော်ဆွေဦး အစား ဗိုလ်မှူးချုပ်တင့်လွင် အား လည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ကိုကိုဝင်း အစား

ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် အား လည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်းတိုက်နယ်၊ ရေကင်းရွာကြီးသို့ မိုးညိုမြို့ (33) KV ဓာတ်အားခွဲရုံမှ (11) KV ဓာတ်အားလိုင်း ခွဲဝေပေးပို့ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် က ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်းတိုက်နယ်၊ ရေကင်းရွာကြီးသို့ မိုးညိုမြို့ (33)KV ဓာတ်အားခွဲရုံမှ (11)KV ဓာတ်အားလိုင်း ခွဲဝေပေးပို့ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ရေကင်းတိုက်နယ်၊ ရေကင်းကျေးရွာကြီးကို မိုးညိုမြို့ပေါ်ရှိ (33)KV ဓာတ်အားခွဲရုံကနေပြီးတော့ (11)KV ဓာတ်အားလိုင်း ပို့လွှတ်

ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ရေကင်းတိုက်နယ်၊ ရေကင်းကျေးရွာကြီးဟာ မိုးညိုမြို့ရဲ့ မြောက်ဘက် (၉)မိုင် (၃)ဖာလုံမှာရှိပြီးတော့ ကျေးရွာအုပ်စုပေါင်း(၉)စုရှိကာ ကျွန်တော်တို့ ကျေးရွာပေါင်း(၅၈)ရွာရှိပြီးတော့ လူဦးရေပေါင်း (၃၀၆၈၃)ယောက်ရှိပါတယ်။ အဲဒီ ရေကင်းကျေးရွာကြီးပေါ်မှာတော့ လူဦးရေ(၅၀၀၀)ကျော်ရှိပါတယ်။ တစ်ခါ ဒီကျေးရွာကြီးဟာ ကျွန်တော်တို့ လက်ပံတန်း၊ ခမုံ၊ ထိန်တော၊ မိုးညို၊ ရေကင်း၊ မြစ်သာ၊ ညောင်လေးပင်၊ ဆင်မနိုင်၊ တာပွန်၊ နတ္တလင်းအထိ ကျွန်တော်တို့ မဟာဗျူဟာလမ်းမကြီးပေါ်မှာ ရှိပြီးတော့ ဒီ ကျေးရွာကြီးပေါ်မှာ အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်း၊ တိုက်နယ်စာတိုက်၊ တိုက်နယ်ရဲစခန်း၊ အဝေးပြေးယာဉ်စခန်း၊ စည်ပင်သာယာဈေး၊ ကျွန်တော်တို့ ရှေးဟောင်းတန်ခိုးကြီး ဘုရားပုထိုးများလည်း ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မိုးညိုမြို့ပေါ်မှာ (33)KV ဓာတ်အားခွဲစက်ရုံရှိပြီးတော့ အဲဒီက Feeder (၃)ခုထဲကနေ (၂)ခုက မိုးညိုမြို့ပေါ်ကို (11)KV ဓာတ်အားလိုင်း(၂)လိုင်းနဲ့ ပေးနေတဲ့အတွက်ကြောင့် မြို့ပေါ်မှာ လျှပ်စစ်မီးများ လုံလောက်စွာ ရှိပြီးတော့ ကျန်တဲ့ Feeder (၁)ခုကနေပြီးတော့ ရေကင်းဘက်ကို ပေးမယ်ဆိုပြီးတော့ ချန်ထားတာကို ကြားသိရပါတယ်။ သို့သော်လည်း ယခုအချိန်အထိ မပေးနိုင်သေးပါဘူး။ အဲဒီ ရေကင်းဘက်ကို သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရေကင်းဘက်ကနေပြီး မိုးညိုကနေ (၉)မိုင်၊ (၃)ဖာလုံဝေးတဲ့အတွက်ကြောင့် (၁)မိုင်ကို သိန်း(၁၈၀)ကုန်မှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်းသိန်း(၁၈၀၀) ကုန်နိုင်တဲ့အတွက်ကြောင့် ကျေးရွာပြည်သူများအနေနဲ့ ကိုယ်ထူကိုယ်ထဆောက်လုပ်ဖို့ အခက်အခဲတွေရှိနေပါတယ်။ တကယ်လို့ အဲဒီဘက်ကို ကျွန်တော်တို့ ဒီဓာတ်အားလိုင်းပေးမယ်ဆိုလို့ရှိရင် နောင်လာမယ့် NEP စီမံကိန်းတွေအတွက်လည်း အဆင်သင့်ဖြစ်သွားမှာ ဖြစ်ပါတယ်။

တစ်ခါ ဒီကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေရဲ့ မြေယာပိုင်ဆိုင်မှုတွေ အပေါ်မှာ အငြင်းပွားမှုများရှိလို့ရှိရင်လည်း အဲဒီမှာရှိတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ပြည်သူလူထုကနေပြီးတော့ တာဝန်ယူဖြေရှင်းပေးမယ်လို့လည်း ကျွန်တော်တို့ သိရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျေးရွာတွေကို ကျွန်တော်တို့ လျှပ်စစ်မီး တကယ်လို့ ပေးနိုင်လို့ရှိရင် ကျေးရွာမှာရှိတဲ့ ကျောင်းသားတွေရော၊ စာသင်သားတွေရော ကျွန်တော်တို့ ပညာရေးအတွက် အင်မတန်ကောင်းတဲ့အပြင် ကျန်းမာရေးအတွက်လည်း ကောင်းမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီဒေသမှာရှိတဲ့ စီးပွားရေးတွေ အဘက်ဘက်ကလည်း ခိုင်မာတောင့်တင်းလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီ ကျေးရွာကြီးဟာ မကြာခင်မှာ ရေကင်းမြို့အဖြစ် ပြောင်းလဲနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေတဲ့အချိန်မှာ မြို့အင်္ဂါရပ်နဲ့ညီဖို့ ဒီလို လျှပ်စစ်မီးပေးလိုက်ခြင်းအားဖြင့် အချက်ကြီးတစ်ချက်လည်း ပြည့်စုံသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြချင်တာကတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ရေကင်းတိုက်နယ်၊ ရေကင်းကျေးရွာကြီးကို မိုးညိုမြို့မှာရှိတဲ့ (33)KV ဓာတ်အားလိုင်းကနေပြီးတော့ (11)KV ဓာတ်အားပို့လွှတ်ပေးရန် လျှပ်စစ်နှင့် စွမ်းအင်

ဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေး ဖြန့်ဖြူးရေးလုပ်ငန်းကနေပြီးတော့ လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် က မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လက်ရှိ မိုးညိုမြို့နယ်အတွင်းမှာရှိတဲ့ ရေကင်းတိုက်နယ်၊ ရေကင်းကျေးရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် (11) KV လိုင်း (၁၀.၅)မိုင် တည်ဆောက်ရမှာဖြစ်ပြီး (11.4) KV (200)KVA ထရန်စဖော်မာ (၂)လုံးနဲ့ (၄၀၀)ဗို့ ဓာတ်အားလိုင်း(၁)မိုင်ကို တည်ဆောက်မှ ဓာတ်အား ပေးလို့ရမှာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းများ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပဲခူးတိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေထဲမှာ တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေ အကန့်အသတ်ကြောင့် ဒီကျေးရွာကို တည်ဆောက်ပေးရမယ့်လုပ်ငန်းများဟာ ကျန်ရှိခဲ့ခြင်း ဖြစ်ပါတယ်။ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနမှာ လုပ်ကိုင်နေတဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းရဲ့ ဘတ်ဂျက်ရန်ပုံငွေဖြင့် တည်ဆောက်ပေးရမယ့်လုပ်ငန်း မဟုတ်တာဖြစ်တဲ့ အတွက်ကြောင့် ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်မှာတော့ ပါရှိခြင်းမရှိပါဘူး။

သို့ဖြစ်ပါ၍ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် BE ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေထဲမှာ ပါရှိသေးခြင်းမရှိတဲ့အတွက်ကြောင့် လတ်တလောတော့ တည်ဆောက်ပေးနိုင်ခြင်း မရှိသေးသော်ငြားလည်း ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေ တောင်းခံတဲ့ အချိန်ကာလမှာ ပဲခူးတိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ထပ်မံတင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (၄၀၀)ဗို့ ဓာတ်အားလိုင်းများကိုတော့ ကျေးရွာရဲ့ ကိုယ့်အားကိုယ်ကိုး ရန်ပုံငွေနဲ့ တည်ဆောက်ဖို့ လိုအပ်ပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ပါတီစုံဒီမိုကရေစီစနစ်အရ မြန်မာနိုင်ငံတွင် ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိသော အထွေထွေ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး သို့မဟုတ် မဲဆန္ဒရှင် အများစု ဆန္ဒမဲပေးစေရန် အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုများကို ယခုထက် ပိုမိုဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်မှ က ပါတီစုံဒီမိုကရေစီစနစ်အရ မြန်မာနိုင်ငံတွင် ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိသော အထွေထွေ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး သို့မဟုတ် မဲဆန္ဒရှင် အများစု ဆန္ဒမဲပေးစေရန် အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုများကို ယခုထက် ပိုမိုဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသူအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ပါတီစုံဒီမိုကရေစီစနစ်အရ မြန်မာနိုင်ငံမှာ ငါးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိတဲ့ အထွေထွေရွေးကောက်ပွဲတွေမှာ ဆန္ဒမဲပေးသူအားလုံး သို့မဟုတ် မဲဆန္ဒရှင် အများစု ဆန္ဒမဲပေးကြစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုတွေ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုတွေကို ယခုထက်ပိုမို ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်နေတဲ့အချိန်မှာ ရွေးကောက်ပွဲတွေက အလွန်ကို အရေးကြီးပါတယ်။ ပြည်သူတွေရဲ့ဆန္ဒတွေ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်နိုင်တဲ့ လွှတ်တော်တွေမှာ ပြည်သူတွေကို အမှန်တကယ် ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ရေးဟာ သိပ်ကိုအရေးကြီးပါတယ်။ အလားတူပဲ အဲဒီမြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲတိုင်းမှာ မဲဆန္ဒရှင် ပြည်သူလူထုအနေနဲ့ အင်တိုက်အားတိုက်ပါဝင်ကာ မဲဆန္ဒပေးရေးဟာလည်း လွန်စွာအရေးကြီးပါတယ်။ သို့မှသာလျှင် ကျွန်တော်တို့ ထိုရွေးကောက်ပွဲတွေဟာ ပြည်သူအများစုကို ကိုယ်စားပြုတဲ့ ရွေးကောက်ပွဲဖြစ်ပြီးတော့ ဒီမိုကရေစီ အနှစ်သာရ ပြည့်ဝမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပေမယ့် လွန်ခဲ့တဲ့(၂၇)နှစ်အတွင်းမှာ ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲတွေဟာ အဲဒီရွေးကောက်ပွဲတွေကိုကြည့်ရင် တဖြည်းဖြည်းနဲ့ မဲပေးတဲ့ မဲဆန္ဒရှင် အရေအတွက်ဟာ ကျဆင်းလာတာကို တွေ့ရပါတယ်။ ဥပမာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးသူ အရေအတွက်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရေအတွက်ရဲ့ (၇၂.၅၉) ရာခိုင်နှုန်း ရှိခဲ့တယ်။ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲမှာ ထိုအရေအတွက်ဟာ (၇၇.၂၆)ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲမှာ ဆန္ဒမဲပေးသူအရေအတွက်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ (၆၉.၇၂) ရာခိုင်နှုန်းပဲ ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးသူ အရေအတွက်ဟာ (၆၈.၂၉)ရာခိုင်နှုန်းရှိပြီး ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးသူ အရေအတွက်ဟာ (၃၆.၇၀)ရာခိုင်နှုန်းပဲ ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ မဲပေးခဲ့တဲ့အခြေအနေနဲ့ ၂၀၁၇ ခုနှစ်မှာ လစ်လပ်မဲဆန္ဒနယ် (၁၉)နေရာအတွက် ကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲတွေမှာ မဲပေးခဲ့တဲ့ မဲဆန္ဒရှင် အရေအတွက်ကို နှိုင်းယှဉ်ကြည့်ရင်လည်း အလွန်ကျဆင်းခဲ့တာ တွေ့ရပါတယ်။ လှိုင်သာယာမဲဆန္ဒနယ်မှ ၂၀၁၅ ခုနှစ်တုန်းက ဆန္ဒမဲပေးသူ အရေအတွက်ဟာ (၃၇.၀၀) ရာခိုင်နှုန်း ရှိခဲ့ပြီးတော့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ မဲပေးသူ အရေအတွက်ဟာ (၁၂)ရာခိုင်နှုန်းပဲ ရှိခဲ့ပါတယ်။ ဒဂုံမြို့သစ်အရှေ့ပိုင်းမှာ ၂၀၁၅ ခုနှစ်တုန်းက (၇၂.၀၀)ရာခိုင်နှုန်း မဲပေးခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲမှာ (၄၂.၀၀)ရာခိုင်နှုန်းပဲ မဲပေးခဲ့ပါတယ်။ ဒဂုံမြို့သစ်ဆိပ်ကမ်းမှာ ၂၀၁၅ ခုနှစ်တုန်းက (၄၈.၀၀)ရာခိုင်နှုန်း မဲပေးခဲ့ပြီး ၂၀၁၇ ခုနှစ် ကြားဖြတ်မှာ (၂၉)ရာခိုင်နှုန်းပဲ မဲပေးခဲ့တာတွေ့ရပါတယ်။ အလားတူပဲ မုံရွာမြို့မှာလည်း ၂၀၁၅ ခုနှစ်တုန်းက (၇၇.၀၀) ရာခိုင်နှုန်း မဲပေးခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်မှာ (၄၈.၀၀)ရာခိုင်နှုန်းပဲ မဲပေးခဲ့တာ တွေ့ရပါတယ်။

ကျန်တဲ့ မဲဆန္ဒနယ်တွေမှာလည်း အလားတူပါပဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲဥပဒေအရ မဲပေးရာမှာ အသက်(၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားတွေသာ မဲပေးခွင့်ရှိပါတယ်။ သို့ပေမဲ့ အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ပေမယ့်လည်း ရဟန်းသံဃာတွေ၊ သာသနာ့ဝန်ထမ်းတွေ၊ ရာဇဝတ် ပြစ်ဒဏ်ကျခံနေရသူတွေနဲ့ ရူးသွပ်သူတွေ မဲပေးခွင့် မရှိပါဘူး။ ထိုအခြေအနေမှာ မဲပေးခွင့်ရှိသူတွေထဲက (၁၂) ရာခိုင်နှုန်း၊ (၂၀)ရာခိုင်နှုန်း၊ (၃၀)၊ (၄၀)ရာခိုင်နှုန်းသာ မဲလာပေးမယ်ဆိုရင် အနိုင်ရသူဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ (၁၀)ရာခိုင်နှုန်း၊ (၁၅)ရာခိုင်နှုန်း၊ (၂၀)ရာခိုင်နှုန်း ထောက်ခံမှုနဲ့သာ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတယ်လို့ အဓိပ္ပာယ်ပေါက်နေပါတယ်။ အဲဒီလို အခြေအနေမျိုးတွေ ဖြစ်လာမယ်ဆိုရင်တော့ ထိုလွှတ်တော်ကိုယ်စားလှယ်ရဲ့ ပြည်သူလူထု ကိုယ်စားပြုမှု ရာခိုင်နှုန်းဟာ အလွန်နည်းပါးတယ်လို့ ဆိုရမှာပါ။ တကယ်တော့ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ Really Team အရ မဲဆန္ဒရှင်အများစုကို ကိုယ်စားပြုသူတွေ ဖြစ်ရပါမယ်။ အဲ့ဒီလိုဖြစ်လာဖို့ ရွေးကောက်ပွဲအပေါ်မှာ ပြည်သူတွေအားလုံး စိတ်ဝင်စားမှုရှိကြပြီးတော့ ရွေးကောက်ပွဲကျင်းပရာမှာ ပြည်သူအားလုံး တက်တက်ကြွကြွ ပါဝင်ဖို့၊ ပါဝင်လာဖို့ လိုပါတယ်။ အဲဒီလို ဖြစ်ဖို့ဟာလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ လုံးဝတာဝန်ရှိပါတယ်။ ထိုရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်အနေနဲ့ ရွေးကောက်ပွဲကျင်းပဖို့ (၂)လ (၃)လ အလိုလောက်မှ ရွေးကောက်ပွဲဆိုင်ရာ လှုံ့ဆော်

မှုတွေလုပ်တာမျိုး မဟုတ်ဘဲနဲ့ ပြည်သူတွေကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးပညာပေးမှုတွေကို စာပေ၊ ဂီတ၊ ရုပ်ရှင် စတဲ့ နည်းလမ်းမျိုးစုံ၊ ပုံစံမျိုးစုံနဲ့ စဉ်ဆက်မပြတ် ဖော်ထုတ်-----။

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးလှတင့် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၅) လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ကိုယ်စားဖြေကြားသွားမှာ ဖြစ်ပါတယ်။ အခုလို တင်ပြဆွေးနွေးတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးကို ကျွန်တော်တို့ အင်မတန် ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာလည်းပဲ မှန်ကန်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ကတော့ ပြည်သူလူထုပညာပေး ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်းတွေကို တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွေကို ၂၀၁၀ ပြည့်နှစ်မှာ (၁)ကြိမ်၊ ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ (၁)ကြိမ် ကျင်းပပေးခဲ့ပြီးတဲ့နောက် ကြားဖြတ် ရွေးကောက်ပွဲတွေကို ကျွန်တော်တို့ ၂၀၁၂ ခုနှစ်မှာ (၁)ကြိမ်၊ ၂၀၁၇ ခုနှစ်မှာ (၁)ကြိမ် ကျင်းပပြုလုပ် ခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ကတော့ ကျင်းပပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲ တိုင်းမှာ မဲဆန္ဒပေးခွင့်ရှိသူ အားလုံး ဆန္ဒမဲ ပေးနိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများကို စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီများ၊ မီဒီယာများနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်း အားလုံးကို ပိုမိုပူးပေါင်း ပါဝင်ကူညီ ဆောင်ရွက်စေပြီးတော့ အသိပညာပေးရာမှာ ရွေးကောက်ပွဲ တစ်ကြိမ်နဲ့တစ်ကြိမ် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အစဉ်ကြိုးစားလျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ မဟာဗျူဟာစီမံကိန်းမှာ လည်းပဲ ပြည်သူများနဲ့ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းခေါင်းစဉ်နဲ့ ကျွန်တော်တို့ အခန်းကဏ္ဍ တစ်ရပ်ကို ထည့်သွင်းရေးဆွဲခဲ့ပြီး ဖြစ်ပါတယ်။ မဲဆန္ဒရှင် အသိပညာပေးခြင်းနဲ့ လုပ်ငန်းစဉ်များ ပိုမို တိုးတက်ကောင်းမွန်စေရန် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မဲဆန္ဒရှင်

များကိုလည်းပဲ အသိပညာပေး လှုံ့ဆော်မှုဆောင်ရွက်ခြင်းနဲ့ စပ်လျဉ်းပြီးတော့ ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းပေါင်း (၈)ဖွဲ့နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့် မြို့နယ်(၂၂)မြို့နယ်မှာ လက်ကမ်းစာစောင်တွေ လိုက်လံဝေငှခြင်း၊ ပိုစတာကပ်ခြင်း၊ ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့် အသံချဲ့စက်ပါယာဉ်များနဲ့ လိုက်လံနှိုးဆော် အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် မဲဆန္ဒရှင်များကို ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်နဲ့ ရင်းနှီးကျွမ်းဝင်စေဖို့အတွက် နမူနာ ဆန္ဒမဲလက်မှတ်များ အသုံးပြုပြီးတော့ ပုံစံတူ အမှန်ခြစ်တံဆိပ်တုံး ကိုယ်တိုင်ရိုက်နှိပ်ပြီးတော့ ကျွန်တော်တို့ ပညာပေးလုပ်ငန်းများ လုပ်ခဲ့ပါတယ်။

မဲဆန္ဒရှင် အသိပညာပေး အထောက်အကူပစ္စည်းများကို တိုင်းရင်းသားဘာသာစကား (၅)မျိုးနဲ့ ကျွန်တော်တို့ ဘာသာပြန် ဆောင်ရွက်ခဲ့ခြင်းတို့အပြင် မဲဆန္ဒရှင် အသိပညာပေး ဗီနိုင်းပိုစတာ ကျွန်တော်တို့ (၂၃၀၀၀)၊ လက်ကမ်းစာစောင်(၂၂၈၀၀၀)၊ နောက် မဲပေးပုံ အဆင့်ဆင့် အသိပညာပေး ဗီနိုင်းပိုစတာ ကျွန်တော်တို့ (၂၃၀၀၀)ခုနဲ့ လက်ကမ်းစာစောင် ကျွန်တော်တို့ (၂၁၇၀၀၀) နောက် တစ်ခါ တိုက်တွန်းနှိုးဆော်တဲ့ ဗီနိုင်းပိုစတာ(၂၉၂၅၀)ခုတို့ကို ဖြန့်ဝေပြီးတော့ ကျွန်တော်တို့ အသိပညာ ပေးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရုပ်မြင်သံကြားနဲ့ ရေဒီယိုအစီအစဉ်များကလည်း ကြားဖြတ်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တော့ ပညာပေးဆွေးနွေးပွဲတွေ၊ နောက် တွေ့ဆုံဆွေးနွေးခြင်းတွေ၊ အသိပညာပေးကြေညာချက်တွေ၊ မေတ္တာရပ်ခံချက်တွေ၊ တေးသီချင်းတွေ၊ ပညာပေးကာတွန်းများကို နေ့စဉ် ထုတ်လွှင့်ပေးခဲ့ပါတယ်။ နေ့စဉ်ထုတ် သတင်းစာများနှင့် ဂျာနယ်များမှာလည်း ပညာပေးလှုံ့ဆော်မှုများ ဆောင်ရွက်ပေးခဲ့ပြီးတော့ မဲဆန္ဒရှင်များအနေနဲ့ မိမိတို့ရွေးချယ်ရမယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရဲ့ အချက်အလက် များကို မိုဘိုင်းဖုန်းကနေတစ်ဆင့် ကျွန်တော်တို့ အလွယ်တကူ ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့က တော့ မဲဆန္ဒရှင်နဲ့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ မဂ္ဂဇင်း နောက်တစ်ခါ ကျွန်တော်တို့ Website, Facebook အစရှိတဲ့ လူမှုသတင်းမီဒီယာများကနေ ပြီးတော့ ထုတ်လွှင့်ဖြန့်ဝေပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ယခင် ကျင်းပပြီးစီးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲထက် ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပတဲ့ မဲဆန္ဒနယ် များမှာ ဆန္ဒမဲပေးခွင့်ရှိသူများ ဆန္ဒမဲပေးနိုင်စေရန်နဲ့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းစဉ်ကို ကဏ္ဍပေါင်းစုံက နည်းလမ်းပေါင်းစုံနဲ့ ပိုမိုပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။ နောင်ကျင်းပမယ့် ရွေးကောက်ပွဲများမှာလည်း မဲဆန္ဒရှင် ပြည်သူများမှ ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပေါ် ပိုမိုစိတ်ဝင်စားလာစေရန်နဲ့ ပိုမိုပူးပေါင်း ပါဝင်လာဖို့အတွက် ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းတွေ နောက်တစ်ခါ ကဏ္ဍစုံက ပါဝင်ပတ်သက်သူတွေနဲ့ ပူးပေါင်းပြီးတော့ မဲဆန္ဒရှင် အသိပညာပေးခြင်းလုပ်ငန်းကို ယခုထက် ပိုမိုကျယ်ပြန့်စွာ အစဉ်မပြတ် ဆက်လက်ပြီးတော့

ဆောင်ရွက်သွားဖို့ အစီအစဉ်တွေ ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မြို့နယ်များတွင် မြို့နယ်သာသနာရေး ဦးစီးမှူးများကို သီးခြားခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်က မြို့နယ်များတွင် မြို့နယ်သာသနာရေး ဦးစီးမှူးများကို သီးခြား ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ပုလောမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန် ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအောက်ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနများ ဖွင့်လှစ်ထားရှိပါတယ်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှူးများဟာ မိမိရဲ့ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းအပြင် မြို့နယ်သာသနာရေးဦးစီးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူးများ ပြည်သူလူထုရဲ့ အိမ်ထောင်စုစာရင်းမှအစ ကျောင်းသား၊ ကျောင်းသူများ အပါအဝင် လူတိုင်းအတွက် အမျိုးသားမှတ်ပုံတင်များရရှိရေး၊ စုတ်ပြတ်ပြဲ၊ ပျောက်ဆုံးမှတ်ပုံတင်များ ပြန်လည်ရရှိရေးအစရှိတဲ့ မှတ်ပုံတင်လုပ်ငန်းများကို မအားမလပ် လုပ်ဆောင်နေရပါတယ်။ မြို့နယ်တိုင်းက လ.ဝ.က ရုံးများမှာ နေ့တိုင်းလူစည်ကားနေတာ လူကြီးမင်းများလည်းအသိပဲ ဖြစ်ပါတယ်။ နောင်ဆိုရင် မသန်မစွမ်းသူများ မှတ်ပုံတင်၊ သက်ကြီးရွယ်အို (၆၅)နှစ်အထက် သီးခြားမှတ်ပုံတင်များ လာဦးမယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြချင်တာက လ.ဝ.က ဦးစီးမှူးများဟာ တကယ်ပဲ အလုပ်များပါတယ်။ မြို့နယ်ခွဲများရှိရင် ပိုဆိုးပါတယ်။ မြို့နယ်ခွဲများအတွက် မှတ်ပုံတင်ကိုလည်း မြို့နယ်ဦးစီးမှူးတစ်ဦးတည်းက လက်မှတ်ထိုးမှ မှတ်ပုံတင်ကတ်ပြားများ ရရှိပါတယ်ခင်ဗျား။ ပြီးတော့ မြို့နယ်တိုင်းမှာ အကြောင်းအမျိုးမျိုး၊ ပြဿနာအမျိုးမျိုး ကြားသိနေရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း အားလုံးအသိ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိထံ၌ လူဝင်မှုကြီးကြပ်ရေးတာဝန်များကို မအားမလပ် တရစပ် လုပ်ကိုင်နေရသည့်ကြားမှ မြို့နယ်သာသနာရေးဦးစီးတာဝန်ကိုလည်း တစ်ပြိုင်နက် ပူးတွဲ ထမ်းဆောင်နေရပါတယ်။ သာသနာရေးလုပ်ငန်းများမှာလည်း ခုချိန်မှာ လူကြီးမင်းများသိရှိထားသည့် အတိုင်း ဖြေရှင်းရမည့်ပြဿနာပေါင်း များစွာရှိနေပါတယ်ခင်ဗျား။ ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးမှူး များသည် မိမိရဲ့ မူရင်းလုပ်ငန်းလည်း ချောချောမွေ့မွေ့မဖြစ်၊ သာသနာရေးလုပ်ငန်းလည်း ပီပီပြင်ပြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ ဖြစ်နေရပါတယ်။ သို့အတွက်ကြောင့် မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဆိုင်ရာ ဦးစီးမှူးများအား သာသနာရေးလုပ်ငန်းများကို ပူးတွဲ မကိုင်တွယ်စေဘဲ မြို့နယ်သာသနာရေးဦးစီးမှူး တစ်ဦးကို သီးခြားခန့်ထားပေးပါက ပိုမိုသင့်လျော်ပြီး လုပ်ငန်းအဝဝလည်း အလျင်အမြန် မှန်ကန်တိုးတက် ပြီးမြောက်နိုင်လိမ့်မယ်လို့ မျှော်လင့် ယုံကြည်မိ ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဝန်ကြီးဌာနများ ပူးပေါင်းဖွဲ့စည်းလိုက်တဲ့ အတွက် ပိုလျှံနေသောဝန်ထမ်းများရှိကြောင်း သိရှိရပါတယ်။ ၎င်းဝန်ထမ်းများထဲမှ သာသနာရေးကို ဝါသနာပါသူများ၊ လုပ်ငန်းပြောင်းချင်သူများ ရှိပါက မြို့နယ်သာသနာရေးဦးစီးမှူးများအဖြစ် ခန့်ထား ပေးပါက အင်မတန် လျော်ကန်သင့်မြတ်မယ် ဖြစ်ပါတယ်ခင်ဗျား။ ခန့်ထားပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်မိပါတယ်ခင်ဗျား။ ထို့ကြောင့် မြို့နယ်များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ ဦးစီးဌာနများတွင် မေတ္တာပါဝင်သော စေတနာ၊ မေတ္တာ၊ စေတနာဖြင့် မြို့နယ် သာသနာရေးဦးစီးမှူး တစ်ဦးအား သီးခြားခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ သက်ဆိုင်ရာသို့ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ တိုင်းသူပြည်သားလူအများ မှတ်ပုံတင် များကို လွယ်ကူ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့် မေးခွန်းကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို များစွာ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနှင့် ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကင်းရှိန်ရဲ့ မေးခွန်းကို ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကနေပြီးမှ ပြန်လည်ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ယခင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးလက်အောက်မှာ သာသနာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့ ဖွဲ့စည်းပါဝင်ခဲ့ပါတယ်။ အဲဒီမှာ မြို့နယ်သာသနာရေးမှူးရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့

မြို့နယ်များမှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ ဦးစီးမှူးများက သာသနာရေးမှူး တာဝန်များကိုပါ အဲဒီကတည်းက ပူးတွဲတာဝန်ယူခဲ့ရပါတယ်။ နောက် လွှတ်တော်ပေါ်လာ ပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်အရ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း ဆိုင်ရာဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၈) ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ၂၆-၈-၂၀၁၅ ရက်နေ့မှာ အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေရဲ့ အခန်း (၂) အပိုဒ် ၃၊ အပိုဒ်ခွဲ(က)ပါ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့မှာ မြို့နယ်သာသနာရေးမှူး သည် ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ရမည်ဖြစ်ပြီးတော့မှ အခန်း(၆)၊ အပိုဒ် ၂၁ မှာ မြို့နယ်သာသနာရေးမှူးရုံး မရှိပါက မြို့နယ်သာသာရေးမှူး၏ တာဝန်ကို ပူးတွဲထမ်းဆောင်နေတဲ့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း(၃၃၀) ရှိသည့်အနက် သာသနာရေး ဝန်ကြီးဌာနအနေနဲ့ မြို့နယ်ပေါင်း(၆၆)မြို့နယ်မှာသာ မြို့နယ်သာသနာရေးမှူးရုံး(၆၆)ရုံး ဖွင့်လှစ်နိုင်ခဲ့ပါ တယ်။ ကျန်တဲ့မြို့နယ်ပေါင်း(၂၆၄)မြို့နယ်မှာ ဖွင့်လှစ်နိုင်ခြင်း မရှိသေးတာကြောင့်မို့လို့ အဲဒီမြို့နယ် တွေရဲ့ သာသနာရေးမှူးတာဝန်များကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးဖို့အတွက်ကို ဤ ဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ မေတ္တာရပ်ခံခဲ့ပါတယ်။ မြို့နယ် သာသနာ ရေးမှူးရုံး မရှိတဲ့မြို့နယ်(၂၆၄)မြို့နယ်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများအနေနဲ့ မြို့နယ်သာသနာရေးမှူးတာဝန်နဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်း ဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နိုင်ဖို့အတွက်ကို ဤ ဝန်ကြီးဌာနရဲ့ ညှိနှိုင်းမှုအပေါ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၇-၁-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးသို့ ထပ်မံတင်ပြခဲ့ရာ ၁၂-၁-၂၀၁၆ ရက်စွဲနဲ့ နိုင်ငံတော်သမ္မတရုံးကနေပြီးတော့မှ စာအမှတ်၊ ၆၄(၂)/၇/သမ္မတရုံးဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ မြို့နယ်သာသနာရေးမှူးရုံးများ မရှိတဲ့ မြို့နယ်များမှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများသည် ယခုအချိန်အထိ သာသနာရေးမှူးတာဝန်များကိုပါ ပူးတွဲထမ်းဆောင်လျက် ရှိနေကြပါတယ်။ မြို့နယ်သာသနာရေးမှူးများ မရှိတဲ့ မြို့နယ်များမှာ မြို့နယ်များရဲ့ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ စိစစ်မှတ်ပုံတင်ရေး အဖွဲ့ ဥက္ကဋ္ဌ တာဝန်အပြင် ဓမ္မာစရိယ၊ ပထမပြန် စာမေးပွဲများ၊ သာသနာ့ရေးရာ၊ ပညာ့ရေးရာ၊ ဝိနိစ္ဆယရေးရာအပြင် အခြားဘာသာများရဲ့ လိုအပ်ချက်များကိုလည်းပဲ ဒီ မြို့နယ်လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီးမှူးများကနေပြီးမှ တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိတာကိုလည်း တွေ့ရှိရပါတယ်။

ဤဝန်ကြီးဌာနအနေဖြင့် မြို့နယ်သာသနာရေးမှူးရုံးများ ဖွင့်လှစ်နိုင်ဖို့နဲ့ ပတ်သက်ပြီးတော့မှ လက်ရှိ ဖွင့်လှစ်ထားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များနှင့် အလှမ်းကွာဝေးပြီးမှ ကွပ်ကဲ မှု ခက်ခဲတဲ့ သို့မဟုတ်ရင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ သာသနာ့ဝန်ဆောင်များ များတဲ့ဒေသများ၊

အခြားဘာသာများအတွက် လိုအပ်တဲ့ဒေသများမှာ မြို့နယ်သာသနာရေးမှူးရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ အတွက်ကို စီစဉ်ဆောင်ရွက်လျက်ရှိပြီးမှ စီမံချက် ရေးဆွဲတင်ပြထားပါတယ်။

အဲဒီလို ဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံရရှိဖို့နှင့် မြို့နယ်သာသနာရေးမှူး ဦးစီးအရာရှိ ခန့်ထားခွင့် ရရှိရေးအတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက် ရယူပြီးတော့မှ နှစ်စဉ် ဘဏ္ဍာငွေ ချမှတ်ပေးတဲ့အပေါ် မူတည်ပြီးတော့မှ သာသနာရေးမှူးရုံးများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဤဝန်ကြီးဌာနအနေဖြင့် မြို့နယ်သာသနာရေးမှူးရုံးများ မရှိသေးတဲ့မြို့နယ်များမှာ မြို့နယ်သာသနာရေးမှူးရုံးများ အားလုံး ဖွင့်လှစ်နိုင်ဖို့အတွက်ကို နိုင်ငံတော်သမ္မတရုံးကို တင်ပြပြီး တော့မှ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးတော့မှ တစ်နှစ်ပြီးတစ်နှစ် ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အစိုးရအနေဖြင့် ပြည်ပသို့ အိမ်အကူလုပ်သားများ တရားမဝင် သွားရောက်နေခြင်းကိစ္စကို ကာကွယ် တားဆီးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က အစိုးရအနေဖြင့် ပြည်ပသို့ အိမ်အကူလုပ်သားများ တရားမဝင် သွားရောက်နေခြင်းကိစ္စကို ကာကွယ်တားဆီးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာ သော ဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဝင် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ အိမ်အကူလုပ်သားများ ကာကွယ်စောင့်ရှောက် သော ဥပဒေ မရှိသေးသလို ပြည်ပနိုင်ငံသို့လည်း သွားရောက်လုပ်ကိုင်ရန်လည်း ခွင့်ပြုထားခြင်း မရှိပါဘူး။ သို့သော်လည်းပဲ ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက်လုပ်ကိုင်နေသော အိမ်အကူ လုပ်သားများ နေ့စဉ် ရှိနေသည်ကိုလည်း ကြားသိရပါတယ်။ မြန်မာပြည်မှာ အိမ်အကူလုပ်သားများ အများဆုံး သွားရောက်လုပ်ကိုင်နေတဲ့ နိုင်ငံများတွေထဲမှာတော့ စင်ကာပူနိုင်ငံဟာ ထင်ရှားလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ အိမ်အကူအလုပ်လုပ်ရန် သွားရောက်နေတဲ့ အမျိုးသမီးဦးရေဟာ နေ့စဉ်(၂၀)ဦးမှ (၅၀)ဦးခန့် ရှိတယ်လို့လည်း သိရှိရပါတယ်။ ဒီအထဲမှာလည်း အသက်(၁၆)နှစ်၊ (၁၇)နှစ် အမျိုးသမီးငယ်များလည်း ပါဝင်နေပါတယ်ရှင်။ စင်ကာပူနိုင်ငံရဲ့ ဥပဒေအရ အသက်(၂၃)နှစ် သတ်မှတ်ထားတဲ့အတွက်ကြောင့်မို့လို့ Agent နဲ့ ပွဲစားများကလည်း အသက်များကို လိမ်ပြီးတော့ Passport များ ပြုလုပ်ပေးနေကြောင်းလည်း သိရှိရပါတယ်ရှင်။ Passport များ ပြုလုပ်ရာမှာ ဒီ အသက်ပြည့်တယ်ဆိုလို့ရှိရင်တော့ သုံးသောင်းကျော် ပေးဆောင်ရပြီးတော့ အသက်မပြည့်ဘူးဆိုလို့ရှိရင်တော့ နှစ်သိန်းပေးရကြောင်းကိုလည်း ကြားသိရပါတယ်။ ဒီ အိမ်အကူလုပ်သားများဟာ ပြည်ပနိုင်ငံသို့ သွားရောက်ရာမှာ အဆင့်ဆင့်သော ဝန်ကြီးဌာနတွေကို ဖြတ်ကျော်ပြီးမှသာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် သွားရခြင်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိနေတဲ့အခါမှာလည်း ဒါ အလွယ်တကူ ဖြတ်ကျော်နိုင်ရန်အတွက် ပွဲစားတွေကို တစ်သိန်းခွဲ ထပ်မံပေးဆောင်ရတယ်လို့လည်း ကြားသိရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီဖြစ်စဉ်များဟာ ပြည်ပနိုင်ငံသို့ တရားမဝင် သွားရောက်ရသော အလုပ်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာနိုင်ရေးအတွက် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမှ အစပြုပြီးတော့ Passport နဲ့ လေယာဉ်ပေါ်သို့ မတက်ရောက်မီ အချိန်အထိ တရားမဝင်ငွေကြေးများ ဒါ ပေးဆောင်နေရခြင်းလည်း ဖြစ်ပါတယ်။ တရားဝင်ဆောင်ရွက်ခွင့် မရှိသောအလုပ်ကိုလည်း တရားဝင်သကဲ့သို့ အေဂျင်စီများ ဆောင်ရွက်နေသော အပေါ်မှာလည်း သက်ဆိုင်ရာ တာဝန်ရှိသော ရှိသူတွေက ရှိသူအဆင့်ဆင့်ကနေပြီးတော့ မသိကျိုးကျွန်ပြုနေပါတယ်။ ဒါတွေက ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်တုန်းက ဆိုလို့ရှိရင် မင်္ဂလာဒုံမှာ အမှတ်(၆) တပ်ဖွဲ့စုရုံးမှ ရဲအုပ်ဝေလွင် နဲ့ လူကုန်တားအဖွဲ့တို့ဟာ ပြည်ပသို့ ပို့နေတဲ့အဖွဲ့ကို သွားရောက်ဖမ်းဆီးတယ်။ ဖမ်းဆီးတဲ့နေရာမှာလည်း ဒီမိန်းကလေးတွေကို ကိုယ့်ရဲ့ဒေသတွေကို ပြန်ပို့ပြီးတော့ သိပ်မကြာခင်မှာလည်း ဒီမိန်းကလေးတွေဟာ စင်ကာပူနိုင်ငံကိုသွားပြီးတော့ အိမ်အကူအလုပ်တွေ သွားပြီးတော့ ပြန်လုပ်နေရတယ် ဆိုတဲ့အကြောင်းကိုလည်း သိရှိရပြီးတော့ ဒီတရားမဝင် ပို့ဆောင်နေတဲ့ ဒီတရားခံတွေကိုလည်း အရေးယူတယ်လို့လည်း ကျွန်မတို့ မသိရှိရပါဘူး။

ဒါတွေက ကျွန်မတို့က တိုင်ကြားစာတွေကနေတစ်ဆင့် သိရှိရတာ ဖြစ်ပါတယ်။ ဒါ အိမ်အကူလုပ်သားတွေရဲ့အပေါ်မှာလည်း အေဂျင်စီတွေကနေပြီးတော့လည်း တရားမဲ့ ခေါင်းပုံဖြတ်မှုတွေ၊ အမြတ်ထုတ်မှုတွေ ရရှိပြီးတော့ တရားဝင် ခွင့်ပြုထားခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ကို ရောက်ရှိတဲ့နိုင်ငံတွေမှာလည်း အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရပါက ဒါ သံရုံးရဲ့ ကာကွယ်စောင့်ရှောက်မှုကိုလည်း အပြည့်အဝ မရရှိဘဲနဲ့ နိုင်ငံသားတစ်ဦးရဲ့ ရသင့်တဲ့အခွင့်အရေးများလည်း ဆုံးရှုံးနစ်နာမှုများ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အိမ်အကူလုပ်သားများဟာ မြန်မာအစိုးရအနေဖြင့် တရားဝင် ခွင့်ပြုထားခြင်းမရှိသော်လည်းပဲ စင်ကာပူနိုင်ငံသို့ ရောက်ရှိပါက တရားဝင် အလုပ်လုပ်ကိုင်ခွင့် ရရှိနေခြင်းကြောင့်လည်း သွားရောက်လုပ်ကိုင်နေကြခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လအနည်းငယ်က ဆိုလို့ရှိရင် စင်ကာပူနိုင်ငံမှာ ဒီ မြန်မာနိုင်ငံသား ညီမငယ်လေး ဗျောင်ငိုက်တွန်း တိုက်ပေါ်က ခုန်ချပြီး

သတ်သေခဲ့တဲ့ ဗွီဒီယိုဖိုင်တွေ၊ Facebook ပေါ်မှာလည်း တွေ့ရှိရပြီးတော့ ခါးရိုးကျိုးပြီးတော့ ပြန်လည်ရောက်ရှိလာသော ညီမငယ် ဇင်ဇင်ပေါ့။ ဒီ Passport မှာတော့ မတင်တင်နွယ် နာမည်နဲ့ အသက်လိမ်၍ ပြုလုပ်ထားတဲ့ အကြောင်းအရာမှာလည်း လူမှုစာမျက်နှာတွေမှာ တွေ့ရှိရပါတယ်။

ယခုကဲ့သို့ လူသိများတဲ့ ကိစ္စတွေရှိသလို၊ လူသိနည်းသော ကိစ္စများစွာလည်း ရှိနေပါတယ်။ ဒီလိုကိစ္စတွေကို ဝန်ကြီးဌာနအနေဖြင့် ထိုကဲ့သို့ နစ်နာမှုရှိသော အိမ်အကူလုပ်သားများရဲ့ တိုင်ကြားချက်များအား မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနေသည်ကိုလည်း တစ်စပ်တည်းလည်း သိရှိလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီစင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယုရဲ့ စကားအရဆိုလို့ရှိရင် လူသွားများတဲ့နေရာတွေကို လမ်းဖောက်ပေးခြင်းအားဖြင့် စင်ကာပူတိုးတက်ရတဲ့အကြောင်းအရင်းတစ်ရပ်ဟု မှတ်သားထားမိသလို အစိုးရအနေဖြင့် တရားမဝင်သွားရောက်နေခြင်းအား တားဆီးမည်ဆိုပါကလည်း ထိရောက်သော အရေးယူမှုများအားဖြင့် တားဆီးဆောင်ရွက်သင့်သလို ခွင့်ပြုမယ်ဆိုပါကလည်း တိကျသောမူဝါဒ၊ စည်းမျဉ်းစည်းကမ်းများဖြင့် နိုင်ငံသားများရဲ့ နစ်နာဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်သင့်ပါသောကြောင့် အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မြန်မာနိုင်ငံတွင် နေထိုင်ကြသော ဌာနေနာဂတိုင်းရင်းသားများမှာ သီးခြားလူမျိုးနွယ်စုတစ်ခုဖြစ်ကြောင်း သမိုင်းအထောက်အထားအရ နာဂတိုင်းရင်းသားကို ကုတ်နံပါတ် သီးသန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်က မြန်မာနိုင်ငံတွင် နေထိုင်ကြသော ဌာနေနာဂတိုင်းရင်းသားများမှာ သီးခြားလူမျိုးနွယ်စု တစ်ခုဖြစ်ကြောင်း သမိုင်းအထောက်အထားအရ နာဂတိုင်းရင်းသားကို ကုတ်နံပါတ် သီးသန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂)မှ ဦးမင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းမှာ နာဂ ကုတ်နံပါတ် - ၄၃၁ ဟူသော အုပ်စုကြီးတစ်ခုအား ချင်းမျိုးနွယ်စု(၅၃)စုအတွင်း သီးခြားခွဲထွက် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က နာဂတောင်တန်းဒေသဟု ခေါ်ဝေါ်ခဲ့သော အမည်မှာ ယနေ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သတ်မှတ်ထားကြောင်းနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စစ်ကိုင်းတိုင်းဒေသကြီးတွင် သီးခြားလူမျိုးအဖြစ် အသိအမှတ်ပြုပြီးဖြစ်

ကြောင်း တင်ပြလိုပါတယ်။ ချင်းပြည်နယ်မှာလည်း ချင်းပြည်နယ်အဖြစ် တည်ရှိနေပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသားတို့မှာ ချင်းလူမျိုး(၅၃)စုအတွင်းမှ ခွဲထွက်ခွင့် တင်ပြခြင်းသည် ချင်းတိုင်းရင်းသားများအား အနှောင့်အယှက်ပေးနေခြင်း မဟုတ်ကြောင်းလည်း တင်ပြလိုပါတယ်။

ချင်းလူမျိုးတို့၏ ကုတ်နံပါတ်မှာ (၄၀၁)မှစ၍ (၄၅၃)အထိဖြစ်ပြီး နာဂကုတ်နံပါတ်မှာ -၄၃၁၊ တန်ကွန်နာဂကုတ်နံပါတ်မှာ-၄၃၂၊ မာလင်နာဂကုတ်နံပါတ်မှာ -၄၃၃ ဖြစ်ပြီး အနာမ်နာဂ ကုတ်နံပါတ်မှာ-၄၅၅ ဟုဖော်ပြထားကြောင်း သိရှိရပါတယ်။ နာဂကုတ်နံပါတ်ဖြင့် မျိုးနွယ်စု (၃)ခုမှာ အခြားတိုင်းရင်းသားလူမျိုးစုတို့တွင် ထည့်သွင်းဖော်ပြထားခြင်းသည် အမှားအယွင်းတစ်ခုအဖြစ် စိတ်မကောင်းစွာ ရှုမြင်ရပါတယ်။ နာဂလူမျိုးများသည် အိန္ဒိယနိုင်ငံ၊ ပြည်နယ်(၇)ခုတွင် နေထိုင်ပြီး မြန်မာနိုင်ငံ အနောက်ဘက်တွင် နေထိုင်လျက် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းအစဉ်အလာ ထီးထီးမားမား ရပ်တည်လျက်ရှိသော လူမျိုးတစ်မျိုး ဖြစ်ပါတယ်။ နာဂလူမျိုးမှာ အိန္ဒိယနိုင်ငံတွင် (၄,၀၀၀,၀၀၀)ခန့် နေထိုင်ပြီး မြန်မာနိုင်ငံလုံးတွင် (၃၅,၀၀၀၀)ခန့်နေထိုင်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းဆိုင်ရာ ချင်းအမျိုးသား အထောက်အကူပြုကော်မတီ သတင်းထုတ်ပြန်ချက် ၁/၂၀၁၅၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး(၁၃၅)မျိုး ရှိသည့်အနက် ချင်းလူမျိုး(၅၃)မျိုး ပိုင်းခြားကာ ကုတ်နံပါတ်-၄၀၁ မှ ၄၅၃ အထိ သတ်မှတ်ကောက်ယူထားခြင်းကြောင့် ချင်းလူမျိုးများမှာ လွဲမှားမှု စိုးရိမ်စိတ်များ ဖြစ်ပေါ်ခြင်းနဲ့ အချင်းချင်းစိတ်ဝမ်းကွဲပြားရာ အစပျိုးလာခြင်းကို ကြုံတွေ့ရပါတယ်။ ချင်းအမျိုးသားညီလာခံမှ အထောက်အကူပြုကော်မတီဖွဲ့စည်းကာ ရှုပ်ထွေးမှုများကို ပြေလည်စေရန် အားထုတ်လုပ်ဆောင်ခဲ့ပါတယ်။ ချင်းကုတ်-၅၃ ခုတွင် နာဂအပါအဝင် နာဂမျိုးနွယ်စု(၄)ခု၊ မဏိပူရ မျိုးနွယ်စု(၁)ခု၊ နေပါလီမျိုးနွယ်စု(၁)ခု ပါဝင်ကြောင်း သိရှိရပြီး ချင်းလူမျိုးစုအမည်နဲ့ (၄)ခုကို (၁)ခုလျှင် အနည်းဆုံး(၁)ကြိမ်စီ (၈)မျိုးအဖြစ် ရေးသားဖော်ပြပြီး (၄)ခုသည် မျိုးနွယ်စုအမည် မဟုတ်ဘဲ ဒေသ၊ မြို့ အမည်များအဖြစ် ရေးသားဖော်ပြခြင်း စစ်ဆေးတွေ့ရှိရပါသည်။ ချင်းအမျိုး အမည်(၅၃)ခုအနက် (၃၆)ခုကို ရေတွက်နိုင်ခဲ့ကြောင်း ဖော်ပြထားကြောင်း သိရှိရပါသည်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းကောက်ခံရာ၌ အသုံးပြုခဲ့သော အဆိုပါတိုင်းရင်းသားမျိုးနွယ်စု ကုတ်နံပါတ် သတ်မှတ်ချက်သည် မှားယွင်းသောစနစ် တစ်ခုဖြစ်နေသည်ကို အများသိရှိပြီးဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကောင်းကျိုးများထက် လူမျိုးများအကြား နားလည်မှုလွဲမှား၍ လူမျိုးရေးဆိုင်ရာ ပဋိပက္ခ ပေါ်ပေါက်မှုမရှိစေရန် ဆောင်ရွက် သင့်ကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ နာဂလူမျိုးတို့သည် အခြားတိုင်းရင်းသားများ ပိုင်ဆိုင်သကဲ့သို့ နာဂ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းအစဉ်အလာ အထောက်အထားများ အခိုင်အမာ သီးခြားလူမျိုး အဖြစ် ရပ်တည်နေတဲ့အတွက်ကြောင့်မို့လို့ ချင်းမျိုးနွယ်စုထဲမှ သွတ်သွင်းထားခြင်းကို ပယ်ဖျက်ပြီး

သီးခြားလူမျိုးတစ်ခုအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နာဂလူမျိုးအားလုံးရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော် ဒေါ်အိအိပြုံး ရဲ့မေးခွန်းကို ဦးစွာ ဖြေကြားလိုပါတယ်။

မြန်မာအလုပ်သမားများ ပြည်ပကို သွားရောက်လုပ်ကိုင်ခြင်း လုပ်ငန်းကို ၁၉၉၀ ပြည့်နှစ်က စပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အလုပ်သမား စေလွှတ်ရေးလုပ်ငန်းစဉ်များကိုလည်းပဲ စနစ်တကျရှိစေဖို့အတွက် ဥပဒေနှင့်အညီ ဖြစ်စေဖို့အတွက် ၁၉၉၉ ခုနှစ်မှာ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီးတော့မှ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ အဆိုပါဥပဒေအရ ပြည်ပနိုင်ငံများကို အလုပ်သမားများ စေလွှတ်လိုတဲ့ အေဂျင်စီများကိုလည်းပဲ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်များ ထုတ်ပေးပြီးတော့မှ ပြည်ပကို အလုပ်သမားစေလွှတ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အေဂျင်စီများ လိုက်နာရမယ့် စည်းကမ်းနဲ့ ညွှန်ကြားချက်များကိုလည်းပဲ ထုတ်ပြန်ပြီးတော့မှ ဥပဒေနဲ့အညီဖြစ်စေရန် ကျွန်တော်တို့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်မှာလည်းပဲ အဆိုပါ ကျွန်တော်တို့ လုပ်ငန်းများကို သွားရောက်မှုများကို ကြီးကြပ်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးများ ပါဝင်တဲ့ ပြည်ပအလုပ်အကိုင်ကြီးကြပ်မှုကော်မတီကိုလည်းပဲ ၂၀၁၆ ခုနှစ်မှာ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အိမ်တွင်းအထောက်အကူပြု အလုပ်သမားများဟာ နိုင်ငံတော်မှ တရားဝင်စေလွှတ်ခြင်းမရှိသော်လည်းပဲ အိမ်တွင်းအထောက်အကူပြု လုပ်လိုတဲ့သူများဟာ မြန်မာနိုင်ငံမှ ကျွန်တော်တို့ ထွက်ခွာတဲ့အချိန်မှာ အလည်အပတ် ဗီဇာ၊ အမှန်တကယ်အလုပ်လုပ်ကိုင်မှုထက် အခြားအလုပ်အကိုင်အမျိုးအစားကို ဖော်ပြပြီးတော့ ပြည်ပနိုင်ငံများကို နည်းလမ်းအမျိုးမျိုးနဲ့ သွားရောက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှာလည်းပဲ ကျွန်တော်တို့ အလုပ်သမားဆိုင်ရာကောင်တာ၊ ပြည်ပအလုပ်သမားများ သတင်းပို့ရေးကောင်တာများ ကျွန်တော် ဖွင့်လှစ်ပြီးတော့မှ ပြည်ပ အလုပ်လုပ်ကိုင်မယ့်လူတွေကိုလည်း စိစစ်ပြီးတော့မှ ခွင့်ပြုပေးလျက်ရှိပါတယ်။

အလားတူပဲ လူဝင်မှုကြီးကြပ်ရေးကောင်တာမှလည်းပဲ ကျွန်တော်တို့ နိုင်ငံသားများကို ကျွန်တော်တို့ သက်ဆိုင်ရာ Passport များကို စိစစ်ပြီးတော့မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပါပဲ လေဆိပ် ကျွန်တော်တို့ လုံခြုံရေးအဖွဲ့နဲ့ ပြည်သူ့ရဲတပ်ဖွဲ့ကလည်းပဲ ကျွန်တော်တို့ နိုင်ငံခြားကို သွားရောက်မယ့် လူပုဂ္ဂိုလ်များကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ရာတွင် ကျွန်တော်တို့ အထက်က ဆွေးနွေးခဲ့သလိုပဲ အိမ်တွင်းအထောက်အကူပြု ဆောင်ရွက်မယ့်လုပ်ငန်းများကို ဆောင်ရွက်မယ့်သူများဟာ မြန်မာနိုင်ငံမှထွက်ခွာချိန်မှာ ကျွန်တော်တို့ အလည်အပတ် ဗီဇာများ ရယူရပါတယ်။ အမှန်တကယ် အလုပ်အကိုင်မဟုတ်တဲ့ အခြားအလုပ်အကိုင် များကိုလည်းပဲ ဖော်ပြထားပါတယ်။ ဒါ့အပြင် တခြား ကျွန်တော်တို့ Tourist Visa များနဲ့ သွားရောက် တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဥပဒေနှင့်အညီသာ စိစစ်ရတဲ့အတွက် အချို့သော တရားမဝင်သွားရောက်မယ့် ပုဂ္ဂိုလ်များဟာ ဥပဒေရဲ့ အကာအကွယ်ကို ယူပြီးတော့မှ တရားဝင်နည်းလမ်းအရ သွားရောက်နေခြင်းဖြစ်တဲ့အတွက် ဒါ ဒီလို သွားရောက်ခွင့် အခွင့်အရေးများ ရရှိနေခြင်းဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ မိမိအစီအစဉ်ဖြင့် သွားရောက်တဲ့အချိန်မှာလည်းပဲ အိမ်တွင်းအထောက်အကူအလုပ်သမားများဟာ ပြည်ပတွင် သွားရောက်လုပ်ကိုင်ဖို့ တရားဝင် စေလွှတ်ခြင်းမရှိသော်လည်းပဲ အဲဒီအလုပ်လုပ်ကိုင်မယ့် နိုင်ငံမှာတော့ တရားဝင် အိမ်တွင်း အထောက်အကူပြု အလုပ်သမားအဖြစ် ရပ်တည် အလုပ် လုပ်ကိုင်လျက်ရှိပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်းပဲ ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့အထဲမှာလည်းပဲ ပါ ပါတယ်။ အဲဒီ အိမ်တွင်းအထောက်အကူအလုပ်သမားများဟာ ဘာသာစကားတတ်ကျွမ်းမှု အားနည်း ပါတယ်။ ပညာအရည်အချင်းလည်း နည်းပါးကြပါတယ်။ သက်ဆိုင်ရာ လုပ်ငန်းမှာလည်းပဲ ကျွမ်းကျင်မှု မရှိကြပါဘူး။ တချို့နေရာတွေမှာ သတ်မှတ်တဲ့ အသက်အရေအတွက် မပြည့်တဲ့အတွက်လည်းပဲ အလုပ်သမား၊ အလုပ်ရှင်ဆက်ဆံရေးမှာ မပြေမှုများဖြစ်ပြီးတော့မှ လုပ်ငန်းခွင်သို့ ရောက်တဲ့အခါမှာ ကျွန်တော်တို့ အခက်အခဲများ ကြုံတွေ့ကြပါတယ်။ ပြဿနာဖြစ်လာခဲ့တဲ့အခါမှာလည်းပဲ တရားဝင် လုပ်သားများ မဟုတ်တဲ့အတွက်လည်းပဲ သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေများနဲ့ ကျွန်တော်တို့ အကာအကွယ်ကို မရရှိနိုင်သလို ကျွန်တော်တို့ နိုင်ငံကလည်းပဲ သွားရောက်ဆောင်ရွက်ဖို့ အခက်အခဲ အကန့်အသတ် ရှိပါတယ်။

သို့ရာတွင် ပြည်ပနိုင်ငံများသို့ ကျွန်တော်တို့ တရားဝင်ရောက်ရှိလာတဲ့သူများဖြစ်စေ၊ တရား မဝင်လာရောက်တဲ့ လူများဖြစ်စေ ပြဿနာဖြစ်သွားမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာသံရုံးများမှာရှိတဲ့ ကျွန်တော်တို့ သံအရာရှိများက သက်ဆိုင်ရာနိုင်ငံများရဲ့ ဥပဒေများနှင့်အညီ ခံစားခွင့်ရရှိရေးအတွက်ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အဲဒီနိုင်ငံမှာရှိတဲ့ လူမှုအဖွဲ့အစည်းများနဲ့ ပေါင်းစပ်ပြီးတော့မှလည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပနိုင်ငံမှာ လူကုန်ကူးခံရမှုကိစ္စနှင့် ပတ်သက်ပြီးတော့မှလည်း ပြည်ထဲရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီးတော့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရလည်းပဲ ကျွန်တော်တို့ ထိရောက်စွာ အရေးယူလျက်ရှိပါတယ်။ စင်ကာပူနိုင်ငံကို သွားရောက်

ပြီးတော့မှ အိမ်အကူအဖြစ် လုပ်ကိုင်ပြီးတော့မှ ပြဿနာများ ဖြစ်ပွားပြီးတော့မှ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ ထွက်ပြေးအကူအညီတောင်းခံမှုများ ဖြစ်ပေါ်နေပါတယ်။ အဲဒီလို တောင်းခံလာတယ်ဆိုရင် လိုင်စင်မရှိတဲ့ ကုမ္ပဏီများ၊ လူပွဲစားများ ဖြစ်တယ်ဆိုရင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေအရ အရေးယူနိုင်ဖို့အတွက်ကို ကျွန်တော်တို့ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဧပြီလကနေမှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအထိ အမှုပေါင်း(၅၉)မှုကို ပြည်ထဲရေးဝန်ကြီးဌာနက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပြီးတော့မှ အရေးယူမှုများ ပြုလုပ် လျက်ရှိပါတယ်။ တရားမဝင် အိမ်အကူ(၂)ဦး စေလွှတ်ခဲ့ကြောင်း ပေါ်ပေါက်တဲ့ လိုင်စင်ရ အေဂျင်စီ တစ်ခုကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများအရ လိုင်စင်သက်တမ်း(၃)နှစ်ပိတ်သိမ်းပြီးတော့မှ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများအရ ဆက်လက်ဖောက်ဖျက်မယ်ဆိုလို့ရှိရင် အဲဒီအေဂျင်စီတွေကို ရာသက်ပန်လိုင်စင်ပိတ်သိမ်းတာ၊ လူပုဂ္ဂိုလ်တွေကိုလည်းပဲ အမည်မည်းစာရင်း ထည့်သွင်းပြီးတော့မှ ကျွန်တော်တို့ ထိရောက်တဲ့အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားဖို့ ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ရာတွင် အချက်အလက်များကို သွားရောက်တဲ့ အိမ်အကူများ ကိုယ်တိုင်က မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ပေးဖို့လိုအပ်သလို ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်ဖို့လည်းပဲ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့ သက်ဆိုင်ရာ နိုင်ငံများမှာ ရောက်ရှိနေတဲ့ မြန်မာအိမ်အကူ အလုပ်သမား စာရင်းကိုလည်းပဲ ကျွန်တော်တို့ ကောက်ယူလျက်ရှိပါတယ်။ အဲဒီစာရင်းများအပေါ် မူတည်ပြီးတော့မှ နိုင်ငံသား စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးတော့မှ နိုင်ငံသားမှန်ကန်လျှင် အသိအမှတ်ပြုတဲ့ အထောက်အထားများ ထုတ်ပေးသွားဖို့ရှိပါတယ်။ အဲဒီနိုင်ငံရဲ့ ဥပဒေနှင့်အညီလည်းပဲ အကျိုးခံစားခွင့်ရရှိရေး၊ ကာကွယ်စောင့်ရှောက်မှုပေးရေးတို့ကိုလည်းပဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာအိမ်တွင်း အထောက်အကူပြုလုပ်သားများအတွက် အလုပ်သမားရေးရာကိစ္စရပ်များကို ကာကွယ်ကူညီစောင့်ရှောက်ထောက်ပံ့နေသော လူမှုအဖွဲ့အစည်းများ၊ အေဂျင်စီအဖွဲ့ချုပ်များနှင့်လည်း တွေ့ဆုံဆွေးနွေးပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် သင့်တော်တဲ့အချိန်မှာ သင့်တော်တဲ့နိုင်ငံကို တရားဝင်ဥပဒေများနှင့်အညီ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျွန်တော်တို့ စေလွှတ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ပြည်တွင်းကနေပြီးတော့မှ ပြည်ပကို သွားရောက်တဲ့ အိမ်အထောက်အကူပြုလုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံ အလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိရေးကိုလည်းပဲ ကျွန်တော်တို့ ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ရဲ့ မေးခွန်းကို ဖြေကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုအမည်စာရင်းများ သတ်မှတ်ပြုစုတဲ့နေရာမှာ ၁၉၃၁ ခုနှစ်မှာ ပြုစုခဲ့တဲ့သန်းခေါင်စာရင်းများအရ လူမျိုးစုစာရင်းများအပေါ်မှာ အခြေခံပြီးတော့မှ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အလားတူပဲ ၁၉၅၃-၅၄ ခုနှစ် လူမျိုးစုစာရင်းများကိုလည်းပဲ အခြေခံ ဆောင်ရွက်ခဲ့တာတွေ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာလည်းပဲ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှာရှိတဲ့ ရှေးဟောင်းစာပေနဲ့ ယဉ်ကျေးမှုရုံးရဲ့ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်ရဲ့ အကြံပေးချက်အရ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အလားတူပဲ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားရေးရာ၊ လူမျိုးစုရေးရာကော်မတီ ညှိနှိုင်းပေးချက်အရ လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုစာရင်း အဆင့်ဆင့်ကို စစ်ဆေးဖော်ပြခဲ့ကြောင်း လေ့လာတွေ့ရှိချက်အရ လည်းကောင်း၊ ၁၉၇၃ ခုနှစ်၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရာမှာလည်းကောင်း၊ ၁၉၈၃ ခုနှစ်၊ ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာမှာ လည်းကောင်း၊ တိုင်းရင်းသား လူမျိုးစု(၁၃၅)မျိုးကို အခြေခံပြီးတော့မှ ဂဏန်းသင်္ကေတ ပြုစုခဲ့ကြောင်း အထောက်အထားများအရ တွေ့ရှိရပါတယ်။၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းမှာလည်းပဲ ယခင် အတည်ပြုခဲ့တဲ့ အသုံးပြုခဲ့တဲ့ တိုင်းရင်းသားလူမျိုးစု(၁၃၅)မျိုးကို အခြေခံပြီးတော့မှ စာရင်းကောက်ယူခဲ့တာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ သန်းခေါင်စာရင်း ကောက်ယူတဲ့နေရာမှာ လူမျိုးအလိုက် ဂဏန်းသင်္ကေတ ကုတ်နံပါတ်သတ်မှတ်ရခြင်းမှာ တိုင်းရင်းသား ဖြစ်ခြင်း၊ မဖြစ်ခြင်း၊ သီးခြားလူမျိုးနွယ်စု ဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် မသက်ဆိုင်ပါဘူး။ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ သန်းခေါင်စာရင်း အချက်အလက်များ၊ စာရင်းဇယားများ ပြုစုရာမှာ ကွန်ပျူတာကနေပြီးမှ ဖတ်ကြားနိုင်ဖို့အတွက် ဂဏန်းသင်္ကေတ ပေးရခြင်းသာ ဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများတွင် နာဂလူမျိုးသည် တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးတွင် ပါဝင်ပြီးဖြစ်တဲ့အတွက် သီးသန့်ကုတ်နံပါတ်လည်း ပေးထားပြီးဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို (၁၅) မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောတူထားသဖြင့်လည်းကောင်း၊ ယင်း ဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘော တူ /မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ လင်မယား ကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် အပိုဒ် ၃ ကို အပိုဒ် ၄ ဖြင့်လည်းကောင်း၊ အပိုဒ် ၄ ကို အပိုဒ် ၃ ဖြင့် လည်းကောင်း ပြင်ဆင်ပြီး အတည်ပြုရန် တင်ပြထားပါတယ်။

ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ ခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်းထားရှိရန် သဘော တူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ဥပဒေရေးထုံးနှင့်ညီညွတ်မှု ရှိစေရန်အတွက် အပိုဒ် ၈ ကို အပိုဒ် ၆ ဖြင့်လည်းကောင်း၊ အပိုဒ် ၆ ကို အပိုဒ် ၇ ဖြင့်လည်းကောင်း၊ အပိုဒ် ၇ ကို အပိုဒ် ၈ ဖြင့် လည်းကောင်း ပြင်ဆင်ပြီး အတည်ပြုရန် တင်ပြ ထားပါတယ်။

ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ထားရှိရန် သဘော တူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။**	။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောတူထားသဖြင့် လည်းကောင်း၊ ယင်းဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘော တူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံ များ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးပြုံးလွင် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်အပေါင်းအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုံးလွင် ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ကျွန်တော် ဦးပြုံးလွင် နှင့် ဦးစောချစ်ဦး တို့က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

**အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာ**

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီတစ်ရပ်ဖြစ်သော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပြန်လည်ဖြေကြားချက်များ

အပေါ် အာမခံချက်၊ ကတိပြုချက်များကို စိစစ်၍ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀ အရ လွှတ်တော်သို့ ယခုအစီရင်ခံစာ တင်သွင်းမှာ ဖြစ်ပါတယ်ခင်ဗျား။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်မှုအခြေအနေများကို ပဉ္စမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ တင်ပြချက်များနှင့် အကြံဉာဏ်များကိုလည်းပဲ ပေးနိုင်ကြောင်း ကျွန်တော်တို့ မေတ္တာရပ်ခံပါတယ်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၃။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၉၀)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၃၀)ခု စုစုပေါင်း (၂၂၁)ခု တင်သွင်းမေးမြန်းခဲ့ပါတယ်။ အဆိုပါ ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုတွေ၊ ကြယ်ပွင့်ပြတွေ၊ ကြယ်ပွင့်မပြနှင့် ပတ်သက်ပြီး ကတိဖြစ်ပေါ်မှုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ အဖွဲ့(၆)ဖွဲ့ ခွဲပြီးတော့မှ ဝန်ကြီးဌာနများအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ၅-၆-၂၀၁၇ ရက်နေ့နှင့် ၇-၆-၂၀၁၇ ရက်နေ့များမှာ ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်ပြီး စိစစ်ခဲ့ပါတယ်။ ကော်မတီ၏ စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်ပြီးတော့မှ ၂၁-၆-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာန(၇)ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့(၇)ခု တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်လည်းကောင်း/ ၂၂-၆-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာန(၈)ခုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့(၄)ခုတို့မှ တာဝန်ရှိပုဂ္ဂိုလ်များမှလည်းကောင်း ဆွေးနွေး အတည်ပြုနိုင်ခဲ့ပါတယ်။

၄။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး အတည်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကတိဖြစ်ပေါ်ခဲ့သည့် အတည်ပြုအဆို(၁)ခုကိုလည်းပဲ နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါတယ်ခင်ဗျား။

၅။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၉၀)ခုမှာ (၅၀)ခု ကတိဖြစ်ပေါ်ခဲ့ပြီး (၄၀)ခု ကတိမဖြစ်ပေါ်ခဲ့ကြောင်း အောက်ပါအတိုင်း စိစစ် တွေ့ရှိရပါတယ်ခင်ဗျား။

အဲဒီ စာမျက်နှာမှာဆိုရင် ကျွန်တော်တို့ အချိန်ကို ငဲ့ညှာသောအားဖြင့် ပုံမှာပြထားတဲ့ အတိုင်းပါပဲ။ အားလုံးစုစုပေါင်း မေးခွန်းပေါင်းက ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းပေါင်းက (၉၀)ခုမှာ ကတိဖြစ်တာက (၅၀)ခု၊ ကတိမဖြစ်တာက (၄၀)ခု၊ ဆိုပြီးတော့မှ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီမှာ

ကြယ်ပွင့်မပြမေးခွန်းက ကျွန်တော်တို့ စတုတ္ထအကြိမ်မှာ (၁၃၀)ခု၊ ရှိပါတယ်ခင်ဗျား။ အဲဒီ (၁၃၀)ခုမှာ ကတိဖြစ်တာက (၇၆)ခုနဲ့ ကတိမဖြစ်တာက (၅၄)ခု ဆိုပြီးတော့မှ ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

| စဥ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၂ | ၂ | - | |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၇ | ၂ | ၅ | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၄ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | | ၁ | |
| ၅ | သာသနာရေးနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန | ၁ | - | ၁ | |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၂၂ | ၁၂ | ၁၀ | |
| ၇ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၇ | ၅ | ၂ | |
| ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၅ | ၃ | ၂ | |
| ၉ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၁၀ | ၁၀ | - | |
| ၁၀ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၁ | ပညာရေးဝန်ကြီးဌာန | ၁၅ | ၅ | ၁၀ | |
| ၁၂ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၆ | ၄ | ၂ | |
| ၁၃ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄ | ၄ | - | |
| ၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၆ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၇ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | - | ၁ | |
| ၁၈ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၃ | ၃ | - | |
| | **စုစုပေါင်း** | **၉၀** | **၅၀** | **၄၀** | |

| စဉ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁ | - | ၁ | |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၁ | ၅ | ၆ | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၃ | | ၃ | |
| ၄ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၆ | ၄ | ၂ | |
| ၅ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁ | ၁ | | |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၃ | ၄ | ၉ | |
| ၇ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၄ | ၂ | ၂ | |
| ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၄ | ၂ | ၂ | |
| ၉ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၈ | ၇ | ၁ | |
| ၁၀ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၁ | ၁ | | |
| ၁၁ | ပညာရေးဝန်ကြီးဌာန | ၂၇ | ၁၇ | ၁၀ | |
| ၁၂ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၂၀ | ၁၆ | ၄ | |
| ၁၃ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁ | ၁ | | |
| ၁၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁ | | ၁ | |
| ၁၆ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ | | |
| ၁၇ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၂၅ | ၁၄ | ၁၁ | |
| | **စုစုပေါင်း** | **၁၃၀** | **၇၆** | **၅၄** | |

၈။ ဒါကြောင့်မို့လို့ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သော ကြယ်ပွင့်မပြ မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပါသည်။

၉။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်ကနေပြီးတော့မှ စတုတ္ထပုံမှန် အထိ အားလုံးကို ကျွန်တော်တို့ ကြယ်ပွင့်ပြနဲ့ ပတ်သက်ပြီးတော့မှ မေးတာသည် (၃၇၄)ခုရှိပါတယ်။ အဲဒီမှာ ကတိဖြစ်တာက (၂၁၅)ခု ကတိမဖြစ်တာက (၁၅၉)ခု ဒါ ကျွန်တော်တို့ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်

မပြနဲ့ ပတ်သက်ပြီးတော့မှ စုစုပေါင်းကတော့ (၂၉၀)ခု ပြီးတော့မှ ကတိဖြစ်တာက (၁၅၆)ခု ကတိမဖြစ်တာက (၁၈၄)ခု ဆိုပြီးတော့မှ ကျွန်တော်တို့ ဒီလိုပဲ စိစစ်တွေ့ရှိရပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ အဆိုနဲ့ ပတ်သက်ပြီးတော့မှ အားလုံး အတည်ပြုတာသည် (၂)ခုရှိပါတယ်။ အတည်မပြုတာက(၃)ခု အားလုံး အဆို စုစုပေါင်းက(၅)ခု ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ကတိဖြစ်တာ၊ မဖြစ်တာနဲ့ ပတ်သက်ပြီးတော့မှ။

| စဉ် | ဒုတိယအကြိမ်၊ ပုံမှန်အစည်းအဝေး | ကြယ်ပွင့်ပြ | | | ကြယ်ပွင့်မပြ | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | - | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| | **စုစုပေါင်း** | **၂၁၅** | **၁၅၉** | **၃၇၄** | **၁၅၆** | **၁၃၄** | **၂၉၀** | **၂** | **၃** | **၅** | |

၁၀။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအနေဖြင့် ပထမပုံမှန်မှ တတိယပုံမှန်အစည်းအဝေးအထိ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ခဲ့မှုအပေါ် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ အပေါ်လည်း ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျှာထားမှုတို့နှင့် စပ်လျဉ်းပြီးတော့မှ ၁-၅-၂၀၁၇ ရက်နေ့မှ ၇-၅-၂၀၁၇ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးသို့ လည်းကောင်း၊ ၁၇-၅-၂၀၁၇ ရက်နေ့မှ ၂၁-၅-၂၀၁၇ ရက်နေ့အထိ ဧရာဝတီတိုင်းဒေသကြီးသို့ လည်းကောင်း ကျွန်တော်တို့ ကွင်းဆင်း လေ့လာတာကို သွားခဲ့ပါတယ်။

၁၁။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ကွင်းဆင်းလေ့လာတဲ့အခါမှာ-

(က) ၂-၅-၂၀၁၇ ရက်နေ့တွင် မြင်းမူ-ရေကျော် ကားလမ်းပေါ်ရှိ တည်ဆောက်လျက်ရှိသော သစ်လိပ်ချောင်းရေကျော်တံတားအားလည်းကောင်း၊

(ခ) ၃-၅-၂၀၁၇ ရက်နေ့တွင် ရွှေဘိုဒေသ ကောလိပ်ကျောင်းဟောင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံမှု အခြေအနေကိုလည်းကောင်း၊ နောက်တစ်ခါ တကောင်း-ဗန်းမော်-

မြစ်ကြီးနားလမ်းပေါ်ရှိ မြတောင်-ရွှေကူလမ်းပိုင်း ကတ္တရာခင်းခြင်းနှင့် ကသာမြို့နယ် ပျဥ်ထောင်လေးကျေးရွာအနီးရှိ ကွန်ကရစ်တံတား(၃)စင်း တည်ဆောက်ပြီးစီးမှု အားလည်းကောင်း၊

(ဂ) ၄-၅-၂၀၁၇ ရက်နေ့မှာတော့ ပင်လည်ဘူးမြို့နယ်အတွင်းရှိ မြေလင်းချောင်းကူး ရေကျော် ကွန်ကရစ်တံတားအားလည်းကောင်း၊

(ဃ) ၅-၅-၂၀၁၇ ရက်နေ့မှာတော့ ဗန်းမောက်မြို့နယ်၊ (၁၆)ကုတင်ဆံ့ ဆေးရုံအား လည်းကောင်း ကျွန်တော်တို့ ကွင်းဆင်းပြီးတော့မှ လေ့လာခဲ့ပါတယ်။

၁၂။ ဧရာဝတီတိုင်းဒေသကြီးကို ကွင်းဆင်းတဲ့နေရာမှာတော့-

(က) ၁၈-၅-၂၀၁၇ ရက်နေ့မှာတော့ မအူပင်စက်မှုဇုန်နှင့် ကျိုက်လတ်ပင်မ ဓာတ်အားခွဲ စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအားလည်းကောင်း၊

(ခ) ၁၉-၅-၂၀၁၇ ရက်နေ့တွင် ဟင်္သာတခရိုင်အတွင်းရှိ ရေလှောင်တမံများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျပ်(၂၀) ဘီလီယံ သုံးစွဲခဲ့မှုအခြေအနေကိုလည်းကောင်း၊

(ဂ) မြန်အောင်မြို့နယ်၊ ရောင်နီအရက်ချက်စက်ရုံအားလည်းကောင်း ကျွန်တော်တို့ ကွင်းဆင်းပြီးတော့မှ လေ့လာစိစစ်ခဲ့ပါတယ်။

၁၃။ အဲဒီတော့ ကော်မတီအနေဖြင့် အစိုးရရဲ့အပြန်အလှန်ထိန်းကျောင်းနိုင်ရန် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ဆောင်ရွက်နေမှုအခြေအနေ၊ ဆောင်ရွက်မည့်အစီအစဥ်၊ မူဝါဒသဘောထားများကို လွှတ်တော်ကိုယ်စားလှယ်များ ထိတွေ့ရင်းနှီး သိရှိနိုင်စေရန်၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သိရှိလိုသည့်အချက်များ၊ အကြံပြုလိုသည့်အချက်များကို ပွင့်လင်းမြင်သာစွာ မေးမြန်းဆွေးနွေး တင်ပြ နိုင်ရန် ရည်ရွယ်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ရယူကာ ၁၃-၆-၂၀၁၇ နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်းပဲ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေး တိုင်ပင် ခဲ့ကြပါတယ်။ ဆွေးနွေးခဲ့ကြပါတယ်။

၁၄။ ကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် အမှန်တကယ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကိုသာ အာမခံကတိပေးရန်၊ လွှတ်တော်တွင် ကတိပေးပြီးပါက ပေးထားသည့်ကတိအတိုင်း သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်၊ အရည်အသွေး ပြည့်မီအောင် ဆက်လက်တာဝန်ယူပေးရန်၊ ကတိပေးပြီးသော လုပ်ငန်းများကိုလည်းပဲ ဘတ်ဂျက်တွင် ပါဝင်အောင် ထည့်သွင်းရေးဆွဲရန်၊ ဝန်ကြီးဌာန၏ မူဝါဒ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်သည့် လုပ်ငန်းများ၏ပြီးစီးမှုကို (၃)လလျှင် (၁)ကြိမ်နှုန်းဖြင့် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းပဲ လစဥ်ပေးပို့ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုအစိုးရလွှတ်တော်၌ လာရောက်ဖြေကြားရာတွင်လည်းပဲ

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပေးထားသည့်ကတိ၊ တာဝန်ခံချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ပေးရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က မဆောင်ရွက်နိုင်သည့် ပေးပို့ချက်အပေါ် ပြည်ထောင်စုဝန်ကြီးက တာဝန်ယူ၊ တာဝန်ခံ၍ ဆောင်ရွက်မည်ဟု ကတိပြု ဖြေကြားပေးပါက ဝန်ကြီးဌာနက ဆက်လက်တာဝန်ယူပေးရန်နှင့် လွှတ်တော်နှင့်အစိုးရ အပြန်အလှန် ထိန်းကျောင်းခြင်းအားဖြင့် လွှတ်တော်နှင့်အစိုးရ ပုံရိပ်ကောင်းမွန်ပြီး ပြည်သူများ၏ လေးစားယုံကြည်အားကိုးရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ပထမပုံမှန် မှ စတုတ္ထပုံမှန်အထိ ကတိဖြစ်ပေါ်ခဲ့သော လုပ်ငန်းများနဲ့ပတ်သက်ပြီးတော့မှ ရာခိုင်နှုန်းထက်ဝက်ကျော် ပြီးစီးသော လုပ်ငန်းများကိုလည်းပဲ ကော်မတီအနေဖြင့် ဆက်လက်ပြီးတော့မှ ကွင်းဆင်းစိစစ်သွားမည် ဖြစ်ပါသည်။ ကျန်တဲ့အပိုင်းကိုတော့ ကျွန်တော်တို့ ကော်မတီဝင်ဖြစ်တဲ့ ဦးစောချစ်ဦး ကနေပြီးတော့မှ ဆက်လက် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အာလုံးကို ကျေးဇူးတင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကွင်းဆင်းလေ့လာစိစစ်ခြင်း မြင်ကွင်းပုံ (ကက)



ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွင်းဆင်းလေ့လာစိစစ်ခြင်း မြင်ကွင်းပုံ (ကက-၁)



ဟင်္သာတခရိုင်အတွင်းရှိ ရေလှောင်တမံများအား ကြည့်ရှုစစ်ဆေးခြင်း မြင်ကွင်းပုံ (ကက-၂)



**အချိန်၊ ၁၁း၃၂။**

**ဦးစောချစ်ဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ တာဝန်ပေးချက်အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းသည့် အဆို မေးခွန်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာကို ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ကျွန်တော် စောချစ်ဦး က ဆက်လက်အစီရင်ခံမှာ ဖြစ်ပါတယ်။

**ကော်မတီ၏စိစစ်တွေ့ရှိချက်များ**

၁၅။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များမှာ -

(က) ရွှေဘို ဒေသကောလိပ်ကျောင်းဟောင်းအား အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်းပေါ်ရှိ မြတောင် - ရွှေကူလမ်းပိုင်းအား (၁၂)ပေအကျယ် ကတ္တရာခင်းခြင်းနှင့် ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာအနီးရှိ ကွန်ကရစ်တံတား(၃)စင်းတည်ဆောက်ခြင်းလုပ်ငန်းမှာ ပြီးစီးပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) ပင်လည်ဘူး မြို့နယ်အတွင်းရှိ မြေလင်းချောင်းကူးရေကျော် ကွန်ကရစ် တံတား၏ရေကျော်တည်ဆောက်ထားသော နေရာများ၌ (၂၀ပေ)အကျယ် (၆ပေ)အနက် ရေထွက်ပေါက်(၆)ခုနှင့် မြေတာဘောင်ကာရံခြင်းလုပ်ငန်းမှာ ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၆။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များမှာ -

(က) မအူပင်စက်မှုဇုန်စီမံကိန်းနှင့်စပ်လျဉ်း၍ စက်မှုဇုန်စီမံကိန်း မြေဧရိယာခြံစည်းရိုးကာရံခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ အိမ်ရာစီမံကိန်းမြေဧရိယာ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်း၊ အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းလုပ်ငန်း (လမ်း၊ ရေမြောင်း၊ ပန်းခြံ၊ အမှိုက်စွန့်ပစ်ကန်၊ ရေကန်) ၂၀ရာခိုင်နှုန်း ဖြစ်ပြီး၊ မအူပင်စက်မှုဇုန်စီမံကိန်းသည် ဒေသအတွက် အရေးကြီးသော စီမံကိန်းတစ်ခုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) မအူပင်မြို့နယ် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေနှင့်စပ်လျဉ်း၍ ကျိုက်လတ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်သွယ်တန်းမှု မပြီးပြတ်သေးကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် လျှပ်စစ်ဝန်ထမ်းအင်အား မလုံလောက်ခြင်း

လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ဘတ်ဂျက်တွင် ရန်ပုံငွေမပါရှိခြင်း၊ သီးနှံနှင့် မြေယာလျော်ကြေးကိစ္စများရှိနေခြင်း၊ မြေယာပြဿနာနှင့် သစ်ပင်ခုတ်ထွင်ရှင်းလင်းမှုများ ဆောင်ရွက်နေရခြင်းတို့ စစ်ဆေးတွေ့ရှိရပါသည်။ သို့ရာတွင် လှိုင်သာယာခာတ်အားခွဲရုံမှ ညောင်တုန်းအထိ (၂၃)မိုင် ဖီဒါအသစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

(ဂ) ဟသ်ာတခရိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအတွက် သုံးစွဲငွေကျပ်ဘီလီယံ(၂၀)သုံးစွဲမှု စာရင်းရှင်းတမ်းများ၊ ဟသ်ာတခရိုင်အတွင်းရှိ မြို့နယ်အလိုက် အမြင့်ဆုံးရေတက်ရောက်ခဲ့မှု အခြေအနေများ၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ငဝန်တာ၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ ဟသ်ာတကမ်းနားတာ၊ ဧရာဝတီဟသ်ာတတာ၊ ဧရာဝတီအရှေ့ဘက်ကမ်းတာ၊ အင်္ဂပူမြို့နယ်ရှိ ကွင်းကောက်ကျွဲသောင်တာ၊ အိပ်ပျက်အုပ်စုရေကာတာနှင့် မြန်အောင်မြို့နယ်ရှိ မြန်အောင်တာတို့၏ မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများ၊ အင်္ဂပူမြို့နယ်၊ နန်ကသူရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ ကြံခင်းမြို့နယ်၊ ကွန်ချောင်းရေလှောင်တမံနှင့် မြန်အောင်မြို့နယ်၊ မမြရေလှောင်တမံများ၏ ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများ၊ ရေဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၏ ဆောင်ရွက်ထားရှိမှုများ၊ သင်ကြားရေးအစီအစဉ်များအား လေ့လာစိစစ်ခဲ့ပါသည်။

(ဃ) မြန်အောင်မြို့နယ်ရှိ ရောင်နီအရက်ချက်စက်ရုံနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၏ စစ်ဆေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စက်ရုံစမ်းသပ်လည်ပတ်မှု အခြေအနေများကို လေ့လာခဲ့ကြပါသည်။ စက်ရုံပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဒေသခံ ပြည်သူများနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ စွန့်ပစ်ရေဆိုးများကို ချောင်းအတွင်းသို့ မစွန့်ပစ်တော့ဘဲ စက်များဖြင့် ရေသန့်ပြုလုပ်၍ ပြန်လည်စွန့်ထုတ်ခြင်းကြောင့် ယခုအချိန်တွင် စက်ရုံမှ အနံ့ဆိုးများ လျော့ပါးသက်သာလာကြောင်း သိရှိရပါသည်။

**သုံးသပ်အကြံပြုချက်**

၁၇။ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များသည် ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်၊ တင်ပြချက်များဖြစ်သည့် ပြည်သူ့အသံများပင်ဖြစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်မဆန့်ကျင်လျှင် လွှတ်တော်တွင် မေးမြန်းတင်သွင်းသည့် လုပ်ငန်းစဉ်များကို ဦးစားပေး၍ အလေးအနက်ထား ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ပြည်ထောင်စုဝန်ကြီး

ဌာနများအနေဖြင့် ကတိဖြစ်ပေါ်ခဲ့သော လုပ်ငန်းများကို ဘဏ္ဍာငွေလျာထားချက်တွင် ပါဝင်အောင် ထည့်သွင်းရေးဆွဲရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများကလည်း ဘတ်ဂျက်တွင် ပါ/မပါ ပြန်လည်စိစစ် ကြပ်မတ်စေလိုပါကြောင်း၊ အလားတူ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း ကတိဖြစ်ပေါ်ခဲ့သည့် မိမိတို့၏မေးခွန်းပါ လုပ်ငန်းများကို ဘဏ္ဍာငွေ ခွဲဝေလျာထားမှုတွင် ပါဝင်ခြင်းရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်စုံစမ်းမေးမြန်းခြင်း၊ လွှတ်တော် ဘတ်ဂျက် စိစစ်ရာတွင် ကတိကဝတ်ဖြစ်ပေါ်သည့် လုပ်ငန်းစဥ်များပါဝင်ခြင်း ရှိ/မရှိ စိစစ်ရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၁၈။ လွှတ်တော်၌ မေးခွန်းများကို လာရောက်ဖြေကြားရာတွင် သက်ဆိုင်ရာဝန်ကြီးများ၏ ဖြေဆိုမှုသည် ပြည်သူလူထု၏ လိုလားချက်၊ ဆန္ဒဖြစ်သောလုပ်ငန်းများကို အမှန်တကယ် လုပ်ပေးနိုင်မှသာ လုပ်ပေးနိုင်မည်ဟု ဖြေကြားသင့်ကြောင်း၊ ဖြေဆိုရာတွင်လည်း အတတ်နိုင်ဆုံး ရှင်းလင်းပြတ်သားစွာ ဖြေကြားသင့်ကြောင်း၊ ကတိဖြစ်ပြီးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို အရည်အသွေးကောင်းမွန်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့အား သတ်မှတ်ကာလအတွင်း စဥ်ဆက်မပြတ်စစ်ဆေးနေဖို့ လိုအပ်ပါကြောင်း၊ မေးခွန်းများနှင့်စပ်လျဥ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် သက်ဆိုင်ရာ မေးခွန်းအချို့နှင့် ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များကို အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ မသိရှိကြ၍ တိတိပပ ရှင်းလင်းဖြေကြားနိုင်မှု မရှိခြင်းများလည်း ရှိသည့်အတွက် အပြန်အလှန် ချိတ်ဆက်မှု၊ ဆောင်ရွက်မှုများ အားကောင်းအောင် ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၉။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကတိကဝတ်ဖြစ်ပေါ်ခဲ့သော လုပ်ငန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည် -

(က) ရွှေဘိုဒေသကောလိပ်၏ ကျောင်းဆောင်ဟောင်းများအား ပြန်လည် ပြုပြင်၍ သင်ကြားရေး၌ အသုံးပြုရန် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် စပ်လျဥ်း၍ ကတိကဝတ် မပြီးပြတ်သေးသော ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ်သာ သတ်မှတ်ပါသည်။ လုပ်ငန်းပြီးစီးမှုအား ကော်မတီသို့ လစဥ်တင်ပြစေခြင်းဖြင့် ဆက်လက်စိစစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) ကသာမြို့နယ်၊ ပျဥ်ထောင်လေးကျေးရွာအနီးရှိ ကွန်ကရစ်တံတား(၃)စင်းနှင့် စပ်လျဥ်း၍ တံတားချဥ်းကပ်လမ်းများ၏ မြေထိန်းနံရံအပိုင်းတွင် အားနည်းချက်များ ရှိကြောင်း၊ တံတားခံနိုင်ဝန်ထက် ပိုသောတန်ပိုယာဥ်များ မဖြတ်သန်းစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ စည်းကမ်းထုတ်ပြန်ခြင်း၊ စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်သွားသင့်ကြောင်း သုံးသပ်အကြံပြုပါသည်။

၂၀။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွင်းဆင်းစစ်ဆေးခဲ့သော ဆောက်ရွက်ချက်များအား အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည် -

(က) မအူပင်စက်မှုဇုန်စီမံကိန်းနှင့် အိမ်ရာစီမံကိန်း ခြံစည်းရိုးကာရံခြင်းနှင့် စပ်လျဉ်း၍ ကတိကဝတ်မပြီးပြတ်သေးသော ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် သတ်မှတ်ပါသည်။

(ခ) မအူပင်မြို့နယ်အတွင်း လျှပ်စစ်မီးဖြန့်ဖြူးရေးလုပ်ငန်း ဖော်ဆောင်နေမှုနှင့် စပ်လျဉ်း၍ ကျိုက်လတ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် လိုင်းသွယ်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲ လုပ်ငန်းများဖြစ်ပြီး ဘဏ္ဍာငွေ လိုအပ်နေခြင်းကြောင့် ကတိကဝတ်မပြီးပြတ်သေးသော ဆောင်ရွက်ဆဲလုပ်ငန်းအဖြစ် သတ်မှတ်ပါသည်။

(ဂ) မြန်အောင်မြို့နယ်၊ ရောင်နီအရက်ချက်စက်ရုံနှင့် စပ်လျဉ်း၍ စက်ရုံဝန်းကျင်ရှိ ဒေသခံ ပြည်သူများ၏ ကျန်းမာရေးမထိခိုက်အောင် ဦးစားပေးလုပ်ကိုင်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုပါသည်။

၂၁။ စတုတ္ထပုံမှန်အစည်းအဝေးအား ၃၀-၁-၂၀၁၇ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့အတွင်း ရက်ပေါင်း(၁၉)ရက်သာ ကျင်းပခဲ့သော်လည်း အဆို(၁)ခုနှင့် မေးခွန်း(၂၂၀)ခု မေးမြန်းနိုင်ခဲ့သဖြင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များသည် သက်တမ်းရလာသည်နှင့်အမျှ မိမိတို့မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များကို စိတ်ဝင်တစား ပိုမိုဆောင်ရွက်လာနိုင်ပြီး လွှတ်တော်၏ အခန်းကဏ္ဍ ရုပ်လုံးပို၍ ပေါ်လွင်လာသည်ဟု သုံးသပ်ရရှိပါသည်။

၂၂။ ကော်မတီအနေဖြင့်လည်း ကတိဖြစ်ပေါ်သည့် မေးခွန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့် ကာလအတွင်း အကောင်အထည်ဖော်မှု ရှိ/မရှိ၊ စံချိန်စံညွှန်း အရည်အသွေး ပြည့်မီမှု ရှိ/မရှိ၊ အမှန်တကယ်ပြီးစီးမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး စိစစ်ဆောင်ရွက်သွားမည်ဟု လျာထားသည့်အတိုင်း ပထမပုံမှန်မှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်သည့် မေးခွန်းပေါင်း (၃၇၁)ခုအနက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လစဉ်ပြန်လည် ပြန်ကြားချက်များအရ ရာခိုင်နှုန်း ထက်ဝက်ကျော် ပြီးစီးပြီဖြစ်သော လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်း၊ ရာခိုင်နှုန်းပြည့် ပြီးစီးသောလုပ်ငန်းများအား မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြန်လည်ညှိနှိုင်း အစည်းအဝေးပြုလုပ်၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**နိဂုံး**

၂၃။ အနှစ်ချုပ်အားဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအကြား ပြည်သူများ၏ကိုယ်စား လွှတ်တော်တွင်ဆွေးနွေးခဲ့သည့် ပြည်သူ့ဆန္ဒသဘောထားများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိန်းညှိပေးသည့်ကော်မတီ ဖြစ်ပါသည်။ ကော်မတီ၏လုပ်ငန်းများ အောင်မြင်မှုသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ပံ့ပိုးကူညီမှုအပေါ်များစွာမူတည်နေပါသဖြင့် ကိုယ်စားလှယ်များ၏ အကြံပြုချက်များအား အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂၄။ ကော်မတီအနေဖြင့် ရရှိလာသော အချက်အလက်များကို အခြေခံ၍ လိုအပ်သော နေရာဒေသများသို့ သွားရောက်ကွင်းဆင်း စစ်ဆေးခြင်းဖြင့် စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ မှန်မှန်

ကန့်ကွက် တင်ပြပေးမည် ဖြစ်ပါကြောင်းနှင့် ကတိကဝတ်ပျက်ကွက်မှုများရှိပါကလည်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးထံသို့ အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးညီညီထွေး(ခ) ဦးကိုကိုလေး (အဖွဲ့ဝင်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီရဲ့ တာဝန်ပေးချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် အစိုးရ

မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးညီညီထွေး(ခ)ဦးကိုကိုလေး မှ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပဉ္စမပုံမှန်အစည်းအဝေးတွင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ တင်ပြပါမယ်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

### နိဒါန်း

၁။ ကော်မတီအနေနဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေရဲ့ ရည်ရွယ်ချက်တစ်ရပ်ဖြစ်တဲ့ အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှု၍ ခိုင်မာအားကောင်းသော လူမှုအဖွဲ့အစည်းများဖြစ်စေရန် အမြဲဂရုပြု၍ လုပ်ငန်းအသီးသီးအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

### ကော်မတီဖွဲ့စည်းခြင်း

၂။ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို အမျိုးသားလွှတ်တော်၏ ၁၇-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၁၆ ဖြင့်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၁၄-၃-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၁၇ ဖြင့် ဒုတိယဗိုလ်မှူးကြီးကျော်စံဦး တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အစား ဗိုလ်မှူးကြီးအုန်းချို ကို အစားထိုးပြင်ဆင်ဖွဲ့စည်း၍ တာဝန်ပေးအပ်ခဲ့ပါသည်။

### အစည်းအဝေးများကျင်းပခြင်း

၃။ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတင်သည့်နေ့မှ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ တင်သွင်းသည့်နေ့အထိ ကော်မတီအစည်းအဝေးများကို (၄)ကြိမ်၊ ဝန်ကြီးဌာနများနှင့် အစည်းအဝေးများ (၃)ကြိမ်၊ INGOs, NGOs အဖွဲ့အစည်းများနှင့် အစည်းအဝေးကို (၃)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

### ကော်မတီ၏ဆောင်ရွက်ချက်များ

၄။ ကော်မတီသည် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပတ်သက်၍တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့်လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သည့် အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှု ရရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရာတွင် ၂၀-၆-၂၀၁၇၊ ၂၁-၆-၂၀၁၇၊ ၂၂-၆-၂၀၁၇ ရက်နေ့များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ၎င်းဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေး

ထိုးထားသော INGOs အဖွဲ့(၅၃)ဖွဲ့တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၅။ ကော်မတီ၏ လေ့လာတွေ့ရှိချက် အနေနဲ့ကတော့ -

(က) ကော်မတီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs အဖွဲ့အစည်းများနှင့် တွေ့ဆုံအစည်းအဝေး ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် INGOs အဖွဲ့အစည်းများရဲ့သမိုင်းကြောင်း၊ ဆောင်ရွက်နေသည့် လုပ်ငန်းအမျိုးအစား၊ နိုင်ငံတကာ၌ ဆောင်ရွက်နေမှု အပါအဝင် မိမိနိုင်ငံအတွင်း ဆောင်ရွက်နေမှုများ၊ အလှူရှင်များနှင့် ရန်ပုံငွေအသုံးပြုမှုများကို လေ့လာသိရှိရပါတယ်။

(ခ) INGOs အဖွဲ့အစည်းများ မိမိနိုင်ငံအတွင်းသို့ လာရောက်ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လက်လှမ်းမမှီသောဒေသများ၊ လစ်ဟာလျက်ရှိသော နေရာများတွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်တာအချို့ကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

(ဂ) INGOs အဖွဲ့အစည်းများဟာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး လုပ်ကိုင်ဆောင်ရွက်ကြနေသည်ကို တွေ့ရှိရပြီး အချို့သော နယ်မြေများတွင် INGOs အဖွဲ့အစည်းများ Overlap တစ်ခုနှင့်တစ်ခု ထပ်နေသည်ကို တွေ့ရှိရပါတယ်။

(ဃ) ချင်းတောင်တန်းဒေသများ၊ နာဂတောင်တန်းဒေသများ၊ ကယားပြည်နယ်များ အပါအဝင် ဆင်းရဲနွမ်းပါးမှု မြင့်မားပြီး ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်သည့်ဒေသများတွင် INGOs အဖွဲ့အစည်းများ ပိုမိုဆောင်ရွက်ရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

(င) INGOs အဖွဲ့များအနေဖြင့် ကျန်သည့်တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သွားရောက်ရာတွင် အချို့သော INGOs များမှာ ဝေးလံခေါင်သီ၍ သွားလာရန် ခက်ခဲသော နေရာများသို့ သွားရောက်ခြင်းထက် လမ်းပန်းဆက်သွယ်မှုလွယ်ကူသော နယ်ပယ် ဒေသများတွင်သာ ၎င်းတို့၏စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်ကို သုံးသပ်တွေ့ရှိရပါတယ်။

(စ) INGOs များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပေါ် သုံးသပ်ရာမှာ ကူးစက်ရောဂါများဖြစ်သည့် HIV, AIDS, Malaria, TB ရောဂါများကာကွယ်ရေး၊ ကုသရေးနှင့် အသိပညာပေး လုပ်ငန်းများတွင် အများဆုံးဖြစ်သည်ကို တွေ့ရှိရပြီး မိခင်နှင့် ကလေးသူငယ် ကျန်းမာရေးစောင့်ရှောက်မှု၊ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ ရေနှင့်ပတ်ဝန်းကျင်

သန့်ရှင်းရေး လုပ်ငန်းများကို ဒုတိယအများဆုံး ဆောင်ရွက်ကြောင်း သိရှိရပါတယ်။ ကျန်းမာရေးစနစ် ကောင်းမွန်ရေး၊ အာဟာရဖြည့်တင်းရေး၊ မသန်စွမ်းကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ သူနာပြုများနှင့် ကျန်းမာရေးစေတနာ့ဝန်ထမ်းများနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်လုပ်ငန်းများကို အချို့ INGOs အဖွဲ့အစည်းများမှ ဆောင်ရွက်ကြပါတယ်။ နှလုံး၊ သွေးတိုး၊ ဆီးချို ရောဂါဝေဒနာရှင်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း၊ အရည်အသွေးမြင့် ဓာတ်ခွဲခန်းများနှင့် ဆေးရုံသုံးစက်ကိရိယာများ ပံ့ပိုးပေးခြင်း၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှုများအတွက် ပညာရှင်များပံ့ပိုးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အရည်အချင်းမြှင့်တင်နိုင်ရန် ပညာသင်စေလွှတ်ခြင်း စသည်တို့ကို အဖွဲ့အစည်း အနည်းငယ်ကသာ ဆောင်ရွက်ကြောင်း သိရှိရပါတယ်။

**အကြံပြုချက်များ**

၆။　　ကော်မတီ၏ အကြံပြုချက်များအနေနဲ့ကတော့ -

(က)　ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် INGOs များနှင့် MoU လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆောင်ရွက်ချိန်များတွင် ၎င်းတို့၏ အဆိုပြုစီမံကိန်းနေရာများကို အသေးစိတ်လေ့လာ၍ အဆိုပါ နေရာများတွင် အခြားအဖွဲ့အစည်းများရှိပါက ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် အခက်အခဲရှိသည့် နေရာများ၊ လစ်ဟာနိုင်သည့် နေရာများကိုပါ စီမံကိန်းနေရာများတွင် ထည့်သွင်းပေးရန် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နေရာအနှံ့အပြားတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိလာမည်ဖြစ်ပြီး လစ်ဟာနေသော နေရာများကိုလည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

(ခ)　INGOsများ၏ ကျန်းမာရေးဆောင်ရွက်ကုသမှု နယ်ပယ်များတွင်လည်း လက်ရှိ INGOs အများစုဆောင်ရွက်နေသည့် HIV, AIDS, Malaria, TB ရောဂါများအပြင် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်းရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများကိုပါ ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းများကို လုပ်ဆောင်ပေးရန် ညှိနှိုင်းခြင်းများ ပြုလုပ်နိုင်ပါက ပိုမိုပြည့်စုံကောင်းမွန်မည်ဖြစ်ကြောင်း အကြံပြုအပ်ပါတယ်။

(ဂ)　INGOs အဖွဲ့အစည်းများအနေဖြင့် နယ်မြေဒေသများတွင် လုပ်ကိုင်ဆောင်ရွက်ရာ၌ သက်ဆိုင်ရာနယ်မြေများ၏ အခြေအနေကို အသေးစိတ် ကောင်းမွန်စွာသိရှိနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပါက တွေ့ကြုံရသည့် အခက်အခဲများကို လွယ်ကူစွာဖြေရှင်းဆောင်ရွက်နိုင်ခြင်း၊ တစ်နေရာတည်းတွင် အဖွဲ့အစည်းများ Overlap တစ်ခုနှင့်တစ်ခုထပ်နေမှုများကို ထိန်းညှိပေးနိုင်ခြင်း၊ INGOs များ၏ အကူအညီပေးသည့်

နယ်မြေတွင် လုပ်ဆောင်သည့် လုပ်ငန်းများနှင့် အစိုးရ၏ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ တစ်နေရာတည်းတွင် ထပ်နေပါက အစိုးရ၏ ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို အခြားလိုအပ်သည့်နေရာများသို့ ရွှေ့ပြောင်းအသုံးပြုခြင်းဖြင့် ပိုမိုအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ကျန်းမာရေးလုပ်ငန်းများလုပ်သည့် INGOs များ အနေနဲ့ (၁) လွှတ်တော်ကိုယ်စားလှယ်များ၊ (၂) ကျန်းမာရေးအဖွဲ့အစည်းများ၊ (၃) သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ (၄) ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။

(ဃ) အချို့သော INGOs အဖွဲ့အစည်းတို့သည် မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြသဖြင့် နိုင်ငံ၏အမှန်တကယ် လိုအပ်သည့် နေရာဒေသများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျယ်တဝင့်ဆောင်ရွက်လိုပါက အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့များသည် ခွင့်ပြုစဥ်က ဖော်ပြခဲ့သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဥ်ကိုပြောင်းလဲ၍ လုပ်ကိုင်ဆောင်ရွက်လိုလျှင် ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည် ဆိုသည့်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

**နိဂုံး**

၇။ NGOs, INGOs များ၏ မူလအခြေခံသဘောတရားမှာ အကျိုးအမြတ်မယူသော အဖွဲ့အစည်းများ (Non-Profit Organizations) ဖြစ်ကြရာ ကော်မတီအနေနှင့် ၎င်းတို့အား လွှမ်းမိုးထိန်းချုပ်ရာမရောက်ဘဲ အပြုသဘောဆောင်သော အကြံပြုချက်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် INGOs များအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့ ပြည်သူများ၏ လိုလားချက်များ၊ အလှူရှင်များ၏ မျှော်မှန်းချက်များကို အတတ်နိုင်ဆုံး ထပ်တူကျစေရန်အတွက် ကူညီပေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀-၆-၂၀၁၇၊ ၂၁-၆-၂၀၁၇၊ ၂၂-၆-၂၀၁၇ ရက်နေ့များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် MoU လက်မှတ်ရေးထိုးထားသော INGOs များနှင့် တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ INGOs ဆိုင်ရာ အချို့သောမူဝါဒများကို ပြောင်းလဲရန် လိုအပ်လျက်ရှိသည်ဟု သုံးသပ်တွေ့ရှိရပါသည်။

ဥပမာ - မြန်မာနိုင်ငံတွင် HIV,AIDS, TB, ငှက်ဖျား၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများသည် အရေးကြီးသော၊ လိုအပ်သောလုပ်ငန်းများဖြစ်သော်လည်း လက်ရှိတွင် စိုးရိမ်ဖွယ်ရာ ကိန်းဂဏန်းများ မြင့်တက်နေသော ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါစသည့်ကဏ္ဍများ၊ ရပ်ရွာအခြေပြု မူးယစ်ဆေးဝါးပညာပေးဆိုင်ရာ ကဏ္ဍများတွင်လည်း INGOs များ စိတ်ပါဝင်စားမှုရှိလာစေရန်အတွက် MoU ဆိုင်ရာမူဝါဒများပြောင်းလဲရန် လိုအပ်ပါသည်။ ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် INGOs များကိုလည်း အစိုးရ အနေနှင့် အထူးအားပေး ကူညီသင့်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့

မဲဆန္ဒနယ်မြေတွင် ဆောင်ရွက်လျက်ရှိသော INGOs များ၏ လုပ်ငန်းများကိုလေ့လာပြီး လိုအပ်ပါက အကြံပြု ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ INGOs များအနေဖြင့်လည်း မိမိတို့လုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံပြည်သူလူထုနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ပွင့်လင်းမြင်သာစွာ အသိပေး ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအကျိုးရှိအောင် ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ

အမျိုးသားလွှတ်တော်

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော် ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် (အတွင်းရေးမှူး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် မှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း ဆောင်ရွက်ခဲ့သော ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိုင်ငံသားများ၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် မမျှမတမှုများ နည်းလမ်းမကျမှုများကို ရင်ဆိုင်ကြုံတွေ့ နေရသော နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကဏ္ဍရှိ နိုင်ငံသားများ၏ ရပိုင်ခွင့်များအား နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်အရ ကော်မတီကို ၁၉-၂-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၂)၊ အပိုဒ်(၁၀၉)နှင့်အညီ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးနိုင်ပြီး၊ ထိုသို့တာဝန်ပေးအပ်ခြင်းအား အနီးကပ်ဆုံး ကျင်းပသော လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်ပါတယ်။

ကော်မတီ၏ ဆောင်ရွက်ချက်များအနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေး ကာလအတွင်း ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁၂)ကြိမ်ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီသို့ နိုင်ငံသားများထံမှ ပေးပို့လာသော တိုင်ကြားစာ(၇၃)စောင်အား လက်ခံရရှိပါတယ်။ ကော်မတီသို့ တိုက်ရိုက် တိုင်ကြားလာသော တိုင်ကြားစာများအား စိစစ်၍ အမှန်တကယ် နစ်နာမှုရှိသည့် အမှုတွဲ (၂၈)စောင်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့အား ဖြေရှင်းပြန်ကြားပေးနိုင်ရန် ပေးပို့ခြင်းနှင့် ကာယကံရှင်များထံ ပြန်ကြားခြင်းများ ပြုလုပ်ခဲ့ပါတယ်။ လယ်ယာမြေ သိမ်းဆည်းခံရမှုနှင့်ပတ်သက်သည့် အမှုတွဲ(၅)စောင်အား လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၆)ဦးတို့သည် ၁-၆-၂၀၁၇ ရက်နေ့တွင် သထုံအကျဉ်းထောင်သို့လည်းကောင်း၊ ၂-၆-၂၀၁၇ ရက်နေ့တွင် ရင်းငြိမ်ကုန်ထုတ်စခန်းသို့ လည်းကောင်း၊ ၃-၆-၂၀၁၇

ရက်နေ့တွင် တောင်စွန်း ကုန်ထုတ်စခန်း သို့လည်းကောင်း သွားရောက်၍ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ထောင်ပိုင်၊ ဝန်ထမ်းများ၊ အကျဉ်းသားများနှင့် တွေ့ဆုံခဲ့ပြီး အကျဉ်းသားများ၏ လူ့အခွင့်အရေး အခြေအနေများကို လေ့လာမှတ်တမ်းတင်ခဲ့ပါတယ်။ ၁၀-၇-၂၀၁၇ ရက်နေ့၊ ပြည်သူ့လွှတ်တော်၊ ရေးရာဆောင်အမှတ် (I-5)တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၉)ဦးတို့သည် ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့်အတူ ကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ကော်မတီဟာ နိုင်ငံသားများ၏ ရပိုင်ခွင့်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုင်ကြားစာ၊ အသနားခံစာများအပေါ် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထံသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးပို့ခြင်းနှင့် လိုအပ်ပါက ကွင်းဆင်းလေ့လာ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်ကြားစာများနှင့် စပ်လျဉ်းပြီး အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့က အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဤကော်မတီသို့ ပြန်လည်ပေးပို့ပါတယ်။ ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာတိုင်ကြားသူများထံ ပြန်လည်အကြောင်းကြားအသိပေးခြင်းဖြင့် ပြည်သူများ လွှတ်တော်ကို ပိုမိုယုံကြည်အားကိုးလာမည် ဖြစ်ပါသည်။ ၁၄-၃-၂၀၁၇ မှ ၃၀-၆-၂၀၁၇ ရက်နေ့အထိ သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်များ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ ပြန်ကြားခြင်းမရှိသေးသော တိုင်ကြားစာအမှုတွဲပေါင်း (၁၂)စောင်ကျန်ရှိပါတယ်။ ယင်းသို့ တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ အကြောင်းပြန်ကြားခြင်း မရှိပါက ကော်မတီအနေဖြင့် သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌထံ ကျိုးကြောင်းဖော်ပြချက်များနှင့်တကွ တင်ပြဆောင်ရွက်ရပြီး လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**ကော်မတီ၏ သုံးသပ်အကြံပြုချက်**

ကော်မတီမှ စိစစ်ဆောင်ရွက်ခဲ့သော၊ နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ် နစ်နာသဖြင့် တင်ပြစာများ၊ အသနားခံစာများ၊ ကွင်းဆင်းလေ့လာ စစ်ဆေးတွေ့ရှိချက်များ၊ တိုင်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများက ပြန်လည်စစ်ဆေး အရေးယူဆောင်ရွက်ချက်များကို ဤကော်မတီက ပြန်လည်သိရှိရမှသာလျှင် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ယခုထက် ပိုမိုထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက်

သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဌာန၊ အဖွဲ့အစည်းများ၏ ဖြေရှင်းဆောင်ရွက်ချက်များအား ဤကော်မတီသို့ အချိန်မီပြန်လည်ပေးပို့နိုင်ရေး လွှတ်တော်က စောင့်ကြပ်ထိန်းညှိပေးသင့်ပါတယ်။

**နိဂုံး**

အမျိုးသားလွှတ်တော်က ဖွဲ့စည်းပေးထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ဤလွှတ်တော်က ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ပါအတိုင်း နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီရရှိစေရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များနှင့်အညီ လူ့အခွင့်အရေး အပြည့်အဝရရှိစေရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်သော လူမှုအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ ပေါ်ထွန်းရှင်သန်ရေး၊ ဒီမိုကရေစီကျင့်စဉ် ချောမွေ့စွာ ဆက်လက်ရှင်သန် ဖြစ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ညနေ (၁၆း၀၀)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။**		။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။**		။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၂း၀၁ နာရီအချိန်တွင် ရပ်နားပါသည်။]